မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၃၁)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံနိုင်ငံ ရဲချုပ်များနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ရဲအဖွဲ့အကြီးအကဲများအဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များအစည်းအဝေးသို့ တက်ရောက်လာသော အာဆီယံနိုင်ငံ ရဲချုပ်များနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ရဲအဖွဲ့အကြီးအကဲများ၊ Interpol ရဲအဖွဲ့ အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်အဖွဲ့များအား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များ အစည်းအဝေးသို့ တက်ရောက်လာသော အာဆီယံနိုင်ငံ ရဲချုပ်များနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ရဲအဖွဲ့အကြီးအကဲများ၊ Interpol ရဲအဖွဲ့ အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်အဖွဲ့များအား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ

ဆွေးနွေးမှာကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားစဉ်။(သတင်းစဉ်)

နေပြည်တော် မေ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံကာ ကျင်းပပြီးစီးခဲ့သည့် ကြားဖြတ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ် ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ပြည်တွင်းမီဒီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကား ပြောကြားရာတွင် ကျင်းပပြီးစီးခဲ့သော ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကြီးအား ပြန်လည်ခြုံငုံသုံးသပ်၍ အားနည်းချက်၊ အားသာချက်များကို လေ့လာကာ နောင်လာမည့် ရွေးကောက်ပွဲများတွင်လည်း ပိုမိုပြည့်စုံကောင်းမွန်ပြီး လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲများ ဆက်လက်တိုးတက်ဖြစ်ပေါ်လာစေရန်အတွက် ကော်မရှင်အနေဖြင့် အစဉ်တစိုက် ကြိုးစားဆောင်ရွက် ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတကာ အေးချမ်းတည်ငြိမ်သည့် ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့သည်ဟု နိုင်ငံတကာနှင့် ပြည်တွင်းလေ့လာစောင့်ကြည့်သူများက သုံးသပ်ပြောကြားခဲ့သည်ကို ပြန်လည်ကြားသိရပါကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့် ပြီးစီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲကြီးအပေါ် အားနည်းချက်၊ အားသာချက်များအား ပြန်လည်သုံးသပ်ကာ နောင်လာမည့်ရွေးကောက်ပွဲများ၌ ပိုမိုကောင်းမွန်

စာမျက်နှာ ၃ ကော်လံ ၃ ◆

(၂၁)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ပထမနေ့ စုံညီအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

● ကျောဖုံးမှ

အဆိုပါ (၃၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံကို မေ ၂၄ ရက်အထိ ဆက်လက်ကျင်းပပြီး ပူတွဲ ကြေညာချက်မူကြမ်းအား အပြီးသတ် ဆွေးနွေးမှု၊ ကော်မရှင်အဖွဲ့ (အေ၊ ဘီ၊ စီ) ဆွေးနွေးမှုများ၊ လုပ်ငန်းအဖွဲ့ ဆွေးနွေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီ ရော့ဒ်ဟမ်း ကလင်တန်၏ ဖိတ်ကြားချက်အရ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့သို့ မေ ၁၆ ရက်မှ ၁၇ ရက်အထိ သွားရောက်ခဲ့ပြီးနောက် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မေ ၁၆ ရက် ညနေ ၅ နာရီခွဲတွင် အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့် လည်းကောင်း၊ မေ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် အထက်လွှတ်တော် အမတ်မစ္စတာ မစ်ချ်မက်ကောနယ်လ်နှင့် လည်းကောင်း၊ နံနက် ၁၁ နာရီတွင် အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ အရှေ့အာရှနှင့်ပစိဖိတ်ရေးရာဆပ်ကော်မတီ ဥက္ကဋ္ဌ အထက်လွှတ်တော်အမတ် မစ္စတာ ဂျင်ဝက်ဘ်နှင့် လည်းကောင်း အမေရိကန်အထက်လွှတ်တော်ရှိ ၎င်းတို့၏ ရုံးခန်းများ၌ တွေ့ဆုံခဲ့သည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် အမေရိကန်အထက်လွှတ်တော်အမတ်များက မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်များကို ထောက်ခံကြောင်း ထပ်လောင်းပြောကြားကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများ အမြန်ဆုံးရုပ်သိမ်းပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ပြည်ထောင်စုဝန်ကြီးကလည်း မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖြစ်ပေါ် တိုးတက်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှုများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့်ပစိဖိတ်ဗျူရိုလက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာကဒ်ကမ်းဘဲလ်က မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ Webster အခန်း၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီ ရော့ဒ်ဟမ်း ကလင်တန်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မစ္စစ်ကလင်တန်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်အားပေး ထောက်ခံသွားမည်ဖြစ်ကြောင်း၊ နှစ်ပေါင်း ၂၀ ကျော်အဆက်ပြတ်သွားသော မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနေရာတွင် သံအမတ်ကြီး ခန့်အပ်ရေးအတွက် ဆုံးဖြတ်ထားကြောင်းနှင့် မြန်မာနိုင်ငံတွင် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များလာရောက် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံ၏စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေနိုင်ရေးအတွက် မြန်မာနိုင်ငံအပေါ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ငွေကြေးဆိုင်ရာ ကန့်သတ်မှုများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အသိပေးဆွေးနွေးပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးကလည်း မြန်မာနိုင်ငံ၏ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြန်လည်ဖြေကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၌ အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝီလျံဘန်းနှင့်လည်းတွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၄၀ **ဝိပဿနာ(၂)မျိုး ခွဲခြားသိရန်** တရားတော် (ရေတာရှည်ဆရာတော် အရှင်ပညာဝံသ)

၉:၄၀ အမှတ်(၃)အခြေခံပညာဦးစီးဌာန တာမွေမြို့နယ် ပညာရေးမိသားစု၏ တတိယအကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ

၁၁:၁၅ ရန်ကုန်မြင်ကွင်းကျယ် (ရွှေအလင်းရောင် မျက်စိဖောင်ဒေးရှင်း၏ ကံစမ်းမဲလက်ဆောင်ချီးမြှင့်ပွဲ အခမ်းအနား)

၁၂:၂၅ ရွှေစေတီဆရာတော် ဘဒ္ဒန္တရေဝတ၏ သက်တော်(၆၆)နှစ်ပြည့် ဝိဇာတမင်္ဂလာနှင့် မဟာသိမ်ဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာ

၆:၁၅ Cartoon Show Time (The Return of Jafar)

၇:၃၅ တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးည ပဒေသာကပွဲ အစီအစဉ် (အပိုင်း-၃)

၈:၀၀ MRTV-4 သတင်း

၈:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း

၁၁:၅၅ World of Knowledge (Mega Fish)

၂:၃၀ ပုညာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏ တစ်သက်စာဝိပဿနာ

၄:၅၀ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ခရမ်းမြို့၌ဖွင့်

ခရမ်း မေ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ညောင်လန်းကျေးရွာအုပ်စု ညောင်လမ်းကျေးရွာပညာဘဏ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၇ရက် နံနက် ၁၀နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်အိဇာလှိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောမင်းကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ပညာဘဏ် စာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာအုပ်စာစောင် ၁၅၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးက စာအုပ်စာစောင် ၁၀၀၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက စာအုပ်စာစောင် ၅၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ကို မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ပံ့ပိုးငွေကျပ်ငါးသိန်းနှင့် ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ်လေးသိန်းဖြင့် အကုန်အကျခံဆောက်လုပ်ခြင်းဖြစ်ပြီး စာကြည့်တိုက် အမျိုးအစားမှာ အကျယ်(၁၄×၁၈) ပေရှိ သွပ်မိုး၊ ပျဉ်ကာ ပျဉ်ခင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်၊ စာစောင်နှင့် အလှူငွေများပေးအပ်လှူဒါန်းပွဲ ကော့သောင်းမြို့နယ်၌ ကျင်းပ

ကော့သောင်း မေ ၂၂

ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်စလန်းကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်၌ မေ ၁၃ ရက် နံနက် ၁၁ နာရီခွဲက စာအုပ်စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းက ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က စုပေါင်းလှူဒါန်းသည့် ငွေကျပ် သုံးသောင်းတန်ဖိုးရှိ စာအုပ်စာစောင်နှင့်ဂျာနယ်များ၊ အလှူငွေများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေဇင်ဦးက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းသည့် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (ဝဲပုံ) **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၂၃ ရက်)

အိမ်သာမှ ဧည့်လာမည်

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ စိတ်ဝင်စားစရာနေရာများစွာရှိ၏။ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ အပန်းဖြေစရာကမ်းခြေများ၊ အခြားအပန်းဖြေလှေ့လာစရာနေရာများ စသည်ဖြင့် ပေါများစွာရှိ၏။ မပျက်စီး မယိုယွင်းသေးသည့် သဘာဝတောတောင်ရေမြေတို့လည်းရှိ၏။ ထိုအရင်းအမြစ်များကိုအခြေခံပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အရှည်သဖြင့်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိပေသည်။

ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံအများစုတို့တွင် သဘာဝအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးစနစ်မှ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဲ့သို့သောဝန်ဆောင်မှုကို အခြေခံသည့် စီးပွားရေးစနစ်သို့ ကူးပြောင်းလုပ်ကိုင်နေကြပြီဖြစ်သည်။ သဘာဝအရင်းအမြစ် စီးပွားရေးသည် ရေရှည်ထုတ်ယူသုံးလျှင် ကုန်ဆုံးသွားနိုင်၏။ ဝန်ဆောင်မှု စီးပွားရေးသည် ကုန်ခန်းသွားမည်မဟုတ်ပေ။ ထိရောက်စွာအသုံးချနိုင်လျှင် အကျိုးစီးပွားပိုများ၏။ ထို့ကြောင့်လည်း ဝန်ဆောင်မှုလုပ်ငန်းများကို မီးခိုးမထွက်သောစက်ရုံများဟု ပညာရှင်တို့က တင်စားပြောဆိုကြ၏။

မြန်မာနိုင်ငံတွင်လည်း ဝန်ဆောင်မှုစီးပွားရေးဖြစ်သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အရှည်သဖြင့်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်နေပြီဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုလာရောက်ရေးစီမံဆောင်ရွက်ပေးနေပြီဖြစ်သည်။ လက်ရှိအမျိုးသားစီမံကိန်းအရ ပထမ (၅)နှစ်စီမံကိန်း ၂၀၁၁-၂၀၁၂ မှစ၍ ၂၀၁၅-၂၀၁၆ ခုနှစ် စီမံကိန်းကာလကုန်ဆုံးလျှင် ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၁ ဒသမ ၄ သန်းကျော် နှစ်စဉ်လာရောက်လည်ပတ်နိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပေသည်။ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး တိုးတက်ကောင်းမွန်လာသည့်အလျောက် ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုမှာလည်း တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိသည်။

ဤသို့သောအခြေအနေကို အမိအရဆွဲကိုင်လျက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အရှည်သဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအပေါ်တွင် တည်မှီလျက်ရှိ၏။ အကောင်းဆုံးသောဝန်ဆောင်မှုများဖြင့် ခရီးသွားများအား ဆွဲဆောင်သင့်၏။ ဖော်ရွေပျူငှာသောဆက်ဆံရေး၊ သန့်ရှင်းသောဝန်ဆောင်မှု၊ ကောင်းမွန်သောအစားအသောက်၊ သင့်တင့်မျှတသော ဟိုတယ်တည်းခိုခများဖြင့် ကမ္ဘာလှည့်ခရီးသွားများ နောက်တစ်ကြိမ်မလာမနေနိုင်လောက်အောင် ဝန်ဆောင်ပေးမှုများဖြင့် ဆွဲဆောင်သင့်ပေသည်။

ယနေ့ရန်ကုန်မြို့ပေါ်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ လုပ်ငန်းလိုင်စင်ရယူဆောင်ရွက်လျက်ရှိသော ဟိုတယ်၊ မိုတယ်နှင့် အင်းပေါင်း ၁၉၀ ရှိပြီး အိပ်ခန်းပေါင်း ၈၀၀၀ ကျော်ရှိသည်။ ထို့အပြင် နိုင်ငံခြားခရီးသွားများ သင့်တင့်မျှတသောကုန်ကျငွေဖြင့် တည်းခိုနိုင်သော လိုင်စင်ရဟိုတယ်ပေါင်း ၁၄၀ ခန့်ရှိပြီး အိပ်ခန်းပေါင်း ၁၅၀၀ ခန့်ရှိသည်။ ဟိုတယ်၊ မိုတယ်နှင့်အင်းအချို့၏ တစ်ည နှစ်ယောက်အိပ်ခန်း တစ်ခန်းလျှင် အများဆုံးအမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာမျှသာ ပေးဆောင်ရကြောင်း သိရသည်။ အခြားသော ဟိုတယ်၊ မိုတယ်နှင့် အင်းများကလည်း ယင်းနှုန်းထားထက် မပိုသင့်ပေ။ ဟိုတယ်ခန်းခများ အဆမတန်တောင်းခံခြင်းသည် နိုင်ငံကို ထိခိုက်စေနိုင်၏။

သို့ပါ၍ ဟိုတယ်၊ မိုတယ်နှင့် အင်းစသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း အရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရမည်သာ ဖြစ်ပါသည်။ အိမ်သာမှဧည့်လာမည် ဆိုသည့် စကားအတိုင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်လာစေရေးအတွက် အကောင်းဆုံးသောဝန်ဆောင်မှုများဖြင့် ကြိုးပမ်းကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘာ့စီးပွားရေးအခြေအနေဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ တက်ရောက်

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိတို့၏ ဖိတ်ကြားချက်အရ မေ ၁၈ ရက် နံနက် ၉ နာရီတွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးအခြေအနေဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ ထိုသို့ ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို အသိပေးပြောကြားပြီး ယနေ့ရင်ဆိုင်နေရသည့် ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှုများကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရင်ဆိုင်ဖြေရှင်းသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကုလသမဂ္ဂအဆောက်အအုံ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား သွားရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ ကူညီဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ယင်းနောက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးသည် အမေရိကန်နိုင်ငံ၏ ထင်ရှားသော Think Tank အဖွဲ့အစည်းကြီးတစ်ခုဖြစ်သော Council on Foreign Relations - CFR က ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ကာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် တိုးတက်ဖော်ဆောင်နေမှုများ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်နေမှုများ၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ ပြည်သူများ၏ လူမှုစီးပွားတိုးတက်ကောင်းမွန်ရေးအတွက် အလေးထား ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် ဆွေးနွေးပွဲတက်ရောက်သူများ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ထိုင်းနိုင်ငံအခြေစိုက် General Electric International Co., Inc. မှ Chief Executive Officer, Mr. Kovit Kantapasara ဦးဆောင်သည့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား နိုင်ငံခြားဧည့်သည်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaneng Lancang International Energy Company Ltd. မှ Vice President, Mr. Xu Haiyun ဦးဆောင်သည့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အဆိုပါ ဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံပြီး ရန်ကုန်မြို့၌ ၅၀၀ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် Huaneng Lancang ကုမ္ပဏီက ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့်ကိစ္စ၊ စက်ရုံတည်ဆောက်မှု အဆိုပြုချက်နှင့်ပတ်သက်၍ သဘာဝဓာတ်ငွေ့ရရှိသုံးစွဲမည့် ပမာဏ၊ အဆင့်လိုက်အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဓာတ်အားလိုအပ်ချက်ကို အမြန်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၄ ခုနှစ် မတိုင်မီ ပထမအဆင့်ပြီးစီးရန် ရည်မှန်းချက်အပေါ် အခြေခံ၍ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်း ဆောင်ရွက်နိုင်မည့်အခြေအနေတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဖြည့်ဆည်းပေး

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ထိုင်းနိုင်ငံအခြေစိုက် General Electric International Co., Inc. မှ Chief Executive Officer, Mr. Kovit Kantapasara ဦးဆောင်သည့်အဖွဲ့သည် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် လာရောက်တွေ့ဆုံပြီး နွေရာသီ၌ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အခက်အခဲကို အလျင်အမြန် ဖြည့်ဆည်းပေးနိုင်ရေးအတွက် နေရာပြောင်းရွှေ့၍ အလျင်အမြန် တပ်ဆင်ဓာတ်အားပေးနိုင်သော General Electric ၏ TM 2500 Mobile Power Generation အမျိုးအစား ဓာတ်အားပေးစက်များ တပ်ဆင်အသုံးပြုနိုင်ရေးကိစ္စ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် လက်ရှိအသုံးပြုလျက်ရှိသော Frame 6 နှင့် Frame 5 အမျိုးအစား သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များအား Flange-to Flange စနစ်ဖြင့် အဆင့်မြှင့်တင်ပြုပြင်မွမ်းမံမှုပြုလုပ်ခြင်းဖြင့် လက်ရှိထွက်ရှိနေသော ဓာတ်အားပမာဏထက် နှစ်ဆ ပိုမိုထွက်ရှိလာမည့်ကိစ္စ၊ ကာလလတ် Medium-term ဓာတ်အား တိုးချဲ့ပေးနိုင်ရေးအတွက် 6FA Gas Turbine Generator နည်းပညာသုံးဓာတ်အားပေးစက်ဖြင့် ဓာတ်အားပေးစက်ရုံအသစ်တည်ဆောက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Hydrochina Kunming Engineering Corporation မှ Deputy Chief Engineer, Mr. Chen Jiaheng ဦးဆောင်သည့်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် လာရောက်တွေ့ဆုံပြီး အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် Hydrochina Kunming Engineering Corporation တို့အကြား ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်က စာချုပ်ချုပ်ဆို၍ ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ ဓာတ်အားစနစ် စီမံချက်ရေးဆွဲခြင်းလုပ်ငန်းတိုးတက်မှု၊ စီမံကိန်းလုပ်ငန်း အဆင့်(၃)ဆင့်အား ၂၀၁၂ ခုနှစ် ဇွန်လ၊ ဩဂုတ်လနှင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတို့တွင် ပြီးစီးအောင် ဆောင်ရွက်မည့်ကိစ္စ၊ စီမံချက်လုပ်ငန်းအတွက် ဆက်စပ်သည့် အချက်အလက်များ စုဆောင်းကောက်ယူနေမှုနှင့် တွေ့ကြုံရသည့်အခက်အခဲများ၊ ဓာတ်အားစနစ်စီမံချက်ရေးဆွဲခြင်းလုပ်ငန်းတွင် မြန်မာနိုင်ငံမှ အင်ဂျင်နီယာများ အတွေ့အကြုံပိုမိုရရှိစေရန်အတွက် တရုတ်နိုင်ငံ၌ သင်တန်းပို့ချသွားနိုင်ရန်ကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၂

ချင်းပြည်နယ်၊ မြို့နယ်/ မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၉ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားပြီး တက်ရောက်လာကြသော မြို့နယ်/ မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးငွေဝင်းက ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုကို ဆွေးနွေးတင်ပြပြီး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးနိန်းနိုင်က မြို့နယ်/မြို့နယ်ခွဲများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်ဆည်းဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မော(ဝ်)နေခြည် စာကြည့်တိုက် မူဆယ်မြို့နယ် ဟိုမွန်ရပ်ကွက်၌ဖွင့်

မူဆယ် မေ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက်တွင် တည်ဆောက်ခဲ့သော မော(ဝ်)နေခြည်စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၀ရက် နံနက် ၈ နာရီက စာကြည့်တိုက်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ ဌာနဆိုင်ရာများ ၊အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး စာကြည့်တိုက်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော် (ကဗျာဆရာ ကျော်မျိုးနွယ်)က စာကြည့်တိုက်ဖြစ်ပေါ်လာပုံကို ပြောကြားသည်။ ထို့နောက် စာကြည့်တိုက် ရသုံးငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးထင်ကျော်(နိုင်မျိုးသစ္စာ-နမ္မတူ)ကလည်းကောင်း၊ အလှူရှင်စာရင်းကို သိန်းဇော်(ရွှေလီဦး)က လည်းကောင်း ဖတ်ကြားကြသည်။

ဆက်လက်၍ စာအုပ်များနှင့် အလှူငွေများပေးအပ်ရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုး (စာရေးဆရာကြယ်စင်မြင့်-ဖျာပုံ) နှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်၊ စာကြည့်တိုက်တည်ဆောက်ရေးဥက္ကဋ္ဌ ဦးမြင့်စိုးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ဝဲပုံ)** (၁၄၃)

သမဝါယမအကြောင်း သိကောင်းစရာ မြောက်ဥက္ကလာပ၌ ဟောပြော

ရန်ကုန် မေ ၂၂

မြောက်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုလီမိတက်က မေ ၁၄ ရက်တွင် မြို့နယ်အသင်းစုရုံးခန်း၌ အသင်းဝင် အခြေခံသမဝါယမအသင်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား "ယနေ့ကာလသမဝါယမအကြောင်း သိကောင်းစရာ" ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကျင်းပပြုလုပ်ခဲ့ရာ ယင်းဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်း၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် မြောက်ဥက္ကလာပမြို့နယ်အသင်းစု ဥက္ကဋ္ဌဦးတင်ဝင်းတို့က သမဝါယမဖြစ်တည်လှုပ်ရှားမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သမဝါယမ)**

ထူးခြားသည့် နေ့အပူချိန်များ

၂၂-၅-၂၀၁၂

မော်လိုက်မြို့
၄၁ ဒီဂရီစင်တီဂရိတ်
ကလေးဝမြို့
၄၁ ဒီဂရီစင်တီဂရိတ်
ချောက်မြို့
၄၁ ဒီဂရီစင်တီဂရိတ်

◆ *ရှေ့ဖုံးမှ*

ပြည့်စုံအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများသည်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ရင်းရင်းနှီးနှီး ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ကျင်းပပြီးစီးခဲ့သည့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် အားနည်းချက်နှင့် အားသာချက်များကို သုံးသပ်ဆွေးနွေးကြပြီး နောင်လာမည့်ရွေးကောက်ပွဲများတွင် ပိုမိုပြည့်စုံကောင်းမွန်သော လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရေး အကြံပြုဆွေးနွေးတင်ပြကြသည်။

နိုင်ငံရေးပါတီများ၏ သုံးသပ်ဆွေးနွေးအကြံပြုချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးဝင်းကိုက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိမည်

နေပြည်တော် မေ ၂၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ ၂၂ ရက် ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအား အသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုးမြင့်လင်းလက် — စုစည်းသည်

နယူးဇီလန်ရေပိုင်နက်အတွင်း ပြည်ပငါးဖမ်းသင်္ဘောများ ဖမ်းဆီးမည်

ဝယ်လင်တန် မေ ၂၂

နယူးဇီလန်နိုင်ငံက ပြည်ပအလံလွှင့်ထူထားသည့် မည်သည့်ငါးဖမ်းသင်္ဘောမဆို မိမိတို့ရေပြင်ပိုက်နက်အတွင်း တားမြစ်ဖမ်းဆီးမည်ဖြစ်ကြောင်း နယူးဇီလန်အစိုးရက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ပဉ္စမမြောက်

နယူးဇီလန်နိုင်ငံသည် ကမ်းလွန်ရေပြင်ပိုက်နက်အဖြစ် ၁၂ မိုင်မှ မိုင် ၂၀၀ အထိ ကျယ်ဝန်းပြီး ကမ္ဘာပေါ်တွင် ပဉ္စမမြောက်အကြီးမားဆုံးရေပြင်ပိုက်နက်ရှိသည့် နိုင်ငံဖြစ်သည်။

ထိုရေပြင်ပိုက်နက်အတွင်း နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်ထူထောင်ထားသော ငါးဖမ်းလုပ်ငန်းများကို အကာအကွယ်ယူကာ တရားမဝင်ငါးဖမ်းခြင်းများ ပြုလုပ်နေသဖြင့် နယူးဇီလန်က တားမြစ်ဖမ်းဆီးမိန့်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

နယူးဇီလန်ရေပြင်ပိုက်နက်အတွင်းမှ ဖမ်းဆီးထုတ်ယူခဲ့သည့် ငါးနှင့်ပင်လယ်အစားအစာများမှာ ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅ ဘီလီယံအထိ ရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးသည်းထန်နိုင် မြောက်ပိုင်းဒေသများ အအေးပိုမိုလွန်ကဲမည်ဟု မိုးလေဝသပညာရှင်များခန့်မှန်း

ပေကျင်း မေ ၂၂

တရုတ်မိုးလေဝသပညာရှင်များက နိုင်ငံ၏အနောက်တောင်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် မိုးများသည်းထန်စွာရွာသွန်းမည်ဖြစ်ကြောင်း၊ မြောက်ပိုင်းဒေသများတွင် အအေးလွန်ကဲသည့်ရာသီဥတုမျိုး ကြုံတွေ့နိုင်ကြောင်း မေ ၂၂ ရက်က ခန့်မှန်းချက်ထုတ်ပြန်သည်။

ကြုံတွေ့နိုင်

နိုင်ငံ၏တောင်ပိုင်း၊ ယန်စီမြစ်တောင်ဘက်ရှိဒေသများနှင့် အနောက်တောင်ပိုင်းရှိ ဒေသအချို့တွင် မိုးသည်းထန်ခြင်းနှင့် လေပြင်းမုန်တိုင်းများကျရောက်ခြင်းကို မေ ၂၂ ရက်မှ ၂၄ ရက်အတွင်း ကြုံတွေ့နိုင်သည်ဟု အမျိုးသားမိုးလေဝသနှင့်ဇလဗေဒဌာနက ထုတ်ပြန်ခြင်းဖြစ်သည်။ **(ယာပုံ)**

ကွီကျိုးပြည်နယ်နှင့် ကွမ်စီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် မိုးမုန်တိုင်းများ ကျရောက်မည်ဖြစ်ပြီး မိုးရေချိန် မီလီမီတာ ၁၈၀ အထိ ရောက်ရှိနိုင်ကြောင်း အဆိုပါဌာနက ပြောကြားသည်။

ထိုအချိန်အတောအတွင်း နိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အတွင်းမွန်ဂိုလီးယားဒေသများတွင် မေ ၂၂ ရက်မှ ၂၃ ရက်အထိ အအေးလွန်ကဲနေမည်ဖြစ်ပြီး အပူချိန် ၁၀ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းမည်ဖြစ်ကာ လေပြင်းများလည်း တိုက်ခတ်နိုင်မည်ဟု ဌာန၏ခန့်မှန်းချက်တွင် ဆက်လက်ပါရှိသည်။ ရှီကျန်းချိုင့်ဝှမ်းတောင်ဘက်တွင် အအေးလွန်ကဲမှုကြောင့် ခြောက်သွေ့ပြီး မြူထူသောရာသီအခြေအနေဖြစ်ပေါ်မည်ဖြစ်ကြောင်း ယင်းဌာနက ထပ်လောင်းပြောကြားခဲ့သည်။ **(အင်တာနက်)**

အာဖဂန်၌ စစ်ဆင်ရေးဆင်နွှဲ လက်နက်ကိုင်သုံးဦးသေဆုံး ရှစ်ဦးအား ဖမ်းဆီးနိုင်

ကဘူးလ် မေ ၂၂

အစိုးရဆန့်ကျင်ရေးလက်နက်ကိုင်အုပ်စုများကို ထိုးစစ်ဆင်ချေမှုန်းလျက်ရှိသော အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင်များက ပြီးခဲ့သည့် ၂၄ နာရီအတွင်း လက်နက်ကိုင်သုံးဦးကို သုတ်သင်နိုင်ပြီး ရှစ်ဦးကို လက်ရဖမ်းမိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖြစ်ပွားနေ

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဖာရတ်၊ ကန်ဒါဟာ၊ ဟဲလ်မန့်နှင့် အုရုဇ်ဂန်ပြည်နယ်များ၌ လက်နက်ကိုင်များ ချေမှုန်းရေး စစ်ဆင်ရေးများဆင်နွှဲရာတွင် လက်နက်ကိုင်သုံးဦး သေဆုံးကာ ရှစ်ဦးအား ဖမ်းမိကြောင်း၊ ဒဏ်ရာရသည့် လက်နက်ကိုင်တစ်ဦးရှိကြောင်း ဝန်ကြီးဌာနထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါစစ်ဆင်ရေးများအတွင်း ရိုးရိုးမိုင်းများနှင့် ကားဗုံးခွဲမိုင်းများအပါအဝင် လက်နက်ကြီး လက်နက်ငယ်များစွာကိုလည်း သိမ်းဆည်းရမိကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း အာဖဂန်တပ်ဖွဲ့နှင့် နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များသည် တာလီဘန်အကြမ်းဖက်အုပ်စုတို့နှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲပင်ဖြစ်သည်။ **(အင်တာနက်)**

ရာသီဥတုဆိုးရွားလာမှုကြောင့် ဧဝရက်တောင်ထိပ်မှဆင်းလာသူသုံးဦးသေဆုံး

ခတ္တမန္ဒူ မေ ၂၂

ဧဝရက်တောင်ထိပ်မှပြန်ဆင်းလာသည့် တောင်တက်သမားများတွင် သုံးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း နီပေါတောင်တက်ဌာနအရာရှိ ဂျာနင်ဒရာရှရက်သာက မေ ၂၁ ရက်တွင် ပြောကြားသည်။

အမြင့်ပေ ၂၉၀၀၀ ကျော်ရှိ ဧဝရက်တောင်ထိပ် **(အပေါ်ပုံ)**မှ အဆင်းတွင် ဂျာမန်တောင်တက်သမားတစ်ဦး၊ နီပေါနိုင်ငံ၌ မွေးဖွားသူ ကနေဒါတောင်တက်သမားနှင့် ကိုရီးယားတောင်တက်သမားတို့သည် မေ ၁၉ ရက်က သေဆုံးသွားခြင်းဖြစ်ကြောင်း ဂျာနင်ဒရာရှရက်သာက မေ ၂၁ ရက်တွင် ပြောကြားသည်။

မေ ၁၈ ရက် နှင့် ၁၉ ရက် နံနက်ပိုင်းတို့က ရာသီဥတုသာယာလျက်ရှိသော်လည်း မေ ၁၉ ရက် ညနေပိုင်းက မုန်တိုင်းကျရောက်ကာ ရာသီဥတုဆိုးရွားသွားခြင်းဖြစ်သည်ဟုဆိုသည်။ သတင်းအချက်အလက်အသေးစိတ်ကို ဖော်ပြခြင်းမရှိကြောင်း သိရသည်။ **(အင်တာနက်)**

မြေပြင်ထောက်လှမ်းရေးလုပ်ငန်းအတွက် ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ နေတိုးသုံးစွဲ

ချီကာဂို မေ ၂၂

အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ပြုလုပ်သည့် နေတိုးထိပ်သီးအစည်းအဝေးကျင်းပစဉ် နေတိုးအဖွဲ့၏ မြေပြင်ထောက်လှမ်းရေး (အေဂျီအက်စ်) စနစ်ထူထောင်ရေး ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံတန်ကန်ထရိုက်စာချုပ်ကို မေ ၂၀ ရက်က နေတိုးနှင့် နော့သရော့ဂရမ်မင်းကော်ပိုရေးရှင်းတို့ လက်မှတ်ရေးထိုးလိုက်ကြသည်။

ဝယ်ယူရမည်

ထိုကန်ထရိုက်စာချုပ်အရ မြေပြင်ထောက်လှမ်းရေးကိရိယာပစ္စည်းများအပြင် နေတိုးအဖွဲ့အနေဖြင့် ဘလော့ ၄၀ ဂလိုကယ်ဟော့ လူမပါသည့်ထောက်လှမ်းရေးလေယာဉ်ငါးစင်း ဝယ်ယူရမည်ဖြစ်သည်။

မြင့်မားစေမည်

နေတိုးအဖွဲ့၏ မြေပြင်ထောက်လှမ်းရေး (အေဂျီအက်စ်) စနစ်က နေတိုးအဖွဲ့၏ ထောက်လှမ်းရေးလုပ်ငန်းရှင်များစွာ စွမ်းဆောင်ရည်မြင့်မားစေမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်လေတပ်မှ ပျောက်ဆုံးလေယာဉ်မှူးနှစ်ဦးအား ဆက်လက်ရှာဖွေနေ

မနီလာ မေ ၂၂

ဖိလစ်ပိုင်နိုင်ငံ ဘာတန်ပြည်နယ်ကမ်းလွန်တွင် ပျက်ကျခဲ့သည့် လေတပ်အက်စ်အက်ဖ်-၂၆၀ လေ့ကျင့်ရေးလေယာဉ်တစ်စင်း လေယာဉ်မှူးနှစ်ဦးနှင့်အတူ ပျောက်ဆုံးနေခြင်းကို ရှာဖွေရန်အတွက် ဖိလစ်ပိုင်လေတပ်က ရှာဖွေရေးကိရိယာများ တပ်ဆင်ထားသည့် သင်္ဘောနှင့် စာချုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

လေ့ကျင့်ပျံသန်းရင်း ပျက်ကျပြီးနောက် နာရီပိုင်းအတွင်းတွင် ကမွန်ဟာကျွန်းကမ်းလွန်၌ လေယာဉ်အပျက်အစီးများ ရေထဲမျောပါလာသည်ကိုတွေ့ရသည့် နေရာလေးနေရာကို မိမိတို့ လောလောဆယ်ရှာဖွေနေကြောင်း ဖိလစ်ပိုင်လေတပ်ပြောရေးဆိုခွင့်ရှိသူ မိဇ္ဇွဲအာနက်စကိုက ပြောကြားသည်။ **(ယာပုံ)**

အဆိုပါလေယာဉ်မှာ ကာဗိုက်ရှ်ဆန်ကလီပ္ပိုင့်မှ မေ ၁၈ ရက် နံနက် ၇ နာရီက စတင်လေ့ကျင့်ပျံသန်းကြောင်း၊ လေယာဉ်တက်သွားအပြီး မိနစ် ၃၀ ခန့်တွင် လေယာဉ်မှူး ဗိုလ်မှူး နေးလ်တူအာနင်နှင့် ဗိုလ်မိုက်ကယ်အာဂူဂေးတို့နှစ်ဦးစလုံးနှင့် အဆက်အသွယ်ပြတ်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၂-၅-၂၀၁၂

တင်မောင်လွင် — စုစည်းသည်

ဆေးလိပ်ငွေ့ရှူရှိုက်မိသည့် ကလေးငယ်များ ဆီးအိမ်ရောဂါဖြစ်ပွားမှု ပိုမိုမြင့်မား

ဆေးလိပ်သောက်သောမိဘများ၏ဆေးလိပ်ငွေ့ကို ရှူရှိုက်နေရသည့်ကလေးငယ်များသည် ဆေးလိပ်မသောက်သည့် မိဘများ၏ကလေးငယ်များထက် ဆီးအိမ်အောင့်သည့်ဝေဒနာကို ပိုမိုခံစားရသည့်လက္ခဏာများ တွေ့ရှိရကြောင်း လေ့လာသုတေသနပြုချက်တစ်ရပ်က ဆိုသည်။ (အောက်ပုံ)

ဆီးသွားရန် တိုက်တွန်းနေရသည့် ကလေးငယ်များ၊ ဆီး မကြာခဏသွားနေသည့် ကလေးငယ်များနှင့် ဆီးမထိန်းနိုင်သည့် ကလေးငယ်များအပါအဝင် ဆီးအောင့်လက္ခဏာများ ခံစားနေရသည့် အသက်လေးနှစ်မှ ၁၇ နှစ်အရွယ်အတွင်းရှိ ကလေးငယ်များကို လေ့လာသုတေသနပြုခဲ့ရာမှ ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ဆေးလိပ်ငွေ့ကို အများဆုံးရှူရှိုက်မိသည့် ကလေးငယ်များသည် ဆီးအောင့်ခြင်းလက္ခဏာများကို အတန်အသင့်မှ ပြင်းပြင်းထန်ထန်အထိ ပိုမိုဖြစ်နိုင်သည့် အလားအလာရှိကြောင်း အတ္တလန်တာမြို့၌ ကျင်းပသည့် အမေရိကန်ဆီးပညာဆိုင်ရာအဖွဲ့အစည်း၏ နှစ်ပတ်လည်အစည်းအဝေး၌ တင်ပြခဲ့ခြင်းဖြစ်သည်။ ကလေးငယ်၂၄ ဦးမှာ ဆီးအောင့်ဝေဒနာအတန်အသင့်မှ ပြင်းပြင်းထန်ထန်အထိ ခံစားခဲ့ရပြီး ၂၁ ဦးမှာ အနည်းငယ်သာခံစားရကြောင်း လေ့လာတွေ့ရှိချက်တွင် ဖော်ပြသည်။ ဆီးအောင့်ဝေဒနာကို အတန်အသင့်မှ ပြင်းပြင်းထန်ထန်အထိ ခံစားရသူများအနက် ၂၃ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သည့် မိခင်များကြောင့်ဖြစ်ပြီး ၅၀ ရာခိုင်နှုန်းသည် ကားစီးနေစဉ်အတွင်း ဆေးလိပ်ငွေ့ကို ပုံမှန်ရှူရှိုက်မိသူများဖြစ်ကြောင်း ရောဘတ်ဝုဒ်ဂျွန်စန်တက္ကသိုလ်ဆေးရုံနှင့် ရက်ဂျာတက္ကသိုလ်တို့မှ ဒေါက်တာကဲလီဂျွန်စန်နှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များက ရေးသားဖော်ပြခဲ့သည်။

ထိန်းသိမ်းခံထားရသည့် တရုတ်တံငါသည်များပြန်လည်ရောက်ရှိ

မြောက်ကိုရီးယားနိုင်ငံတွင် ၁၃ ရက်ကြာ ထိန်းသိမ်းခံထားရသည့် တရုတ်တံငါသည် ၂၉ ဦးသည် မေ ၂၁ ရက်က တရုတ်နိုင်ငံသို့ပြန်လည်ရောက်ရှိလာခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါတံငါသည်များသည် ၎င်းတို့၏ရေယာဉ်သုံးစင်းနှင့်အတူ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဒယ်လ်လန်ဆိပ်ကမ်းမြို့ ကျင်ကျို့ခရိုင်အတွင်း ဆိပ်ကမ်းတစ်ခုသို့ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်က ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အား ဆေးစစ်ဆေးမှုများပြုလုပ်ရန်အတွက် ဒေသတွင်းဆေးရုံတစ်ရုံသို့ ပို့ပေးခဲ့သည်ဟုဆိုသည်။ အဆိုပါတံငါသည်များနှင့် ၎င်းတို့၏ငါးဖမ်းရေယာဉ်များကို မေ ၈ ရက်က ထိန်းသိမ်းထားခဲ့ပြီး မေ ၂၀ ရက်တွင် ပြန်လည်လွှတ်ပေးခဲ့ပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။ ***(အင်တာနက်)***

မြန်မာ့အလင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း ဇော်ဦးခိုင်-ရေးသည်

အိန္ဒိယနိုင်ငံတွင် ရထားနှစ်စင်းတိုက်မှုဖြစ်ပွား၊ ၂၄ ဦး သေဆုံး

နယူးဒေလီ မေ ၂၂

အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် မေ ၂၂ ရက်က ခရီးသည်တင်ရထားတစ်စင်းနှင့် ကုန်တင်ရထားတစ်စင်းတို့ တိုက်မှုဖြစ်ပွား၍ ၂၄ ဦး သေဆုံးခဲ့ပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ဘန်ဂေါသို့ ဦးတည်ခုတ်မောင်းလာသည့် ခရီးသည်တင်ရထားသည် မေ ၂၂ ရက် နံနက်အစောပိုင်းက ပန်နိကွန်ဒြာဘူတာရုံတွင် ရပ်ထားသော ကုန်တင်ရထားကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း မီးရထားဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ရထားနှစ်စင်း တိုက်မှုမိမှုကြောင့် ခရီးသည်တင်ရထား၏ တွဲလေးတွဲ လမ်းချော်တိမ်းစောင်းခဲ့ကာ ကျန်ရထားတွဲတစ်တွဲလည်း မီးလောင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)**

အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ရထားတိုက်မှု မတော်တဆဖြစ်ရပ်များကြောင့် သေဆုံးသူ ၁၂၂၀ ရှိခဲ့ကြောင်း မကြာသေးမီက ထုတ်ပြန်သည့် မီးရထားဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ မီးရထားကွန်ရက်စနစ်သည် အလွန် ကြီးမားကျယ်ပြန့်ပြီး နိုင်ငံအနှံ့သို့ ဆက်သွယ်ဖောက်လုပ်ထားသည်။ တစ်နေ့လျှင် ခရီးသည်တင်ရထားခရီးစဉ် ၉၀၀၀ ကျော် ပြေးဆွဲပေးနေကာ ရထားစီးပြည်သူ ၁၈ သန်းကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

ကယ်ထုတ်နိုင်

ယခု ရထားနှစ်စင်း တိုက်မှုဖြစ်ပွားသည်မှာ အန်နန်ဒါပူခရိုင်အတွင်းဖြစ်ပြီး ခရီးသည် ၁၈ ဦးအား ကယ်ထုတ်နိုင်ခဲ့ကြောင်း ခရိုင်အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။ ရထားအတွင်း ပိတ်မိနေသူ ခရီးသည်များရှိနေနိုင်သေးကြောင်း ကယ်ဆယ်ရေးဝန်ထမ်းများက ပြောကြားသည်။

ရထားတိုက်သည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

လော့စ်အိန်ဂျလိစ်မြို့အနီး လေယာဉ်ငယ်တစ်စင်းပျက်ကျ

လော့စ်အိန်ဂျလိစ် မေ ၂၂

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနီး လူနေရပ်ကွက် ဧရိယာအတွင်း မေ ၂၁ ရက် ညနေပိုင်းက အင်ဂျင်တစ်လုံးတပ် လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ကြောင်း မေ ၂၂ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ လေယာဉ်မောင်းသူသည် ယင်းမတော်တဆဖြစ်ရပ်ကြောင့် ဒဏ်ရာရရှိကြောင်း ဒေသတွင်းမီဒီယာသတင်းများတွင် ဖော်ပြသည်။

လေယာဉ်ပျက်ကျမှုဖြစ်ပွားသည်မှာ ဒေသစံတော်ချိန် ည ၈ နာရီဝန်းကျင်တွင်ဖြစ်ကြောင်း၊ လော့စ်အိန်ဂျလိစ်မြောက်ဘက် ဂလန်ဒဲလ်အရပ်ရှိ ကွင်းပြင်တစ်နေရာတွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး အနီးဝန်းကျင်ရှိ အိမ်များ လေယာဉ်ပျက်ကျမှု၏ ရိုက်ခတ်မှုကို ကြုံတွေ့ခဲ့ရကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

လေယာဉ်မောင်းသူက အင်ဂျင်ချွတ်ယွင်းမှုဖြစ်နေသဖြင့် အနီးနားရှိ လေဆိပ်တစ်ခုသို့ ဆင်းသက်ရန် ကြိုးစားနေစဉ် ပျက်ကျခဲ့သည်ဟု သတင်းဌာနသို့ ပြောကြားသည်။ ယင်းလေယာဉ်ပေါ်တွင် လေယာဉ်မောင်းသူတစ်ဦးသာ စီးနင်းခဲ့ပြီး ၎င်း၏ ဒဏ်ရာများ ဆေးကုသရန်အတွက် ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သတင်းတွင် ဖော်ပြသည်။ ***(အင်တာနက်)***

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ မိုင်းတွင်းတစ်တွင်းပြိုကျ ခုနစ်ဦး ပိတ်မိနေဆဲဖြစ်

ကူမင်း မေ ၂၂

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ကျောက်မီးသွေးမိုင်းတွင်း တစ်တွင်း မေ ၂၁ ရက်က ပြိုကျမှုဖြစ်ပွားရာ ခုနစ်ဦး မြေအောက် ပိတ်မိလျက်ရှိနေဆဲဖြစ်ကြောင်း ဒေသအာဏာပိုင်များက မေ ၂၂ ရက်တွင် ပြောကြားသည်။ **(အပေါ်ပုံ)**

လုကျိစီရင်စုအတွင်းရှိ အဆိုပါ ကျောက်မီးသွေးမိုင်းတွင်းသို့ မိုင်းတွင်း မန်နေဂျာ၊ လုံခြုံရေးစစ်ဆေးရေးအရာရှိနှင့် အလုပ်သမား ရှစ်ဦးတို့ မိုင်းတွင်းကို လာရောက်စစ်ဆေးမှုများ ပြုလုပ်စဉ် မေ ၂၁ ရက် မွန်းလွဲပိုင်းက ပြိုကျမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း ဌာနဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မေ ၂၂ ရက် နံနက် ၉ နာရီခန့်တွင် ပိတ်မိနေသူ ၁၀ ဦးအနက် သုံးဦးကို ကယ်ထုတ်နိုင်ခဲ့ကြောင်း၊ မိုင်းတွင်းရှိ လေဝင်လေထွက်စနစ်များကို စစ်ဆေးရေးပြုပြင်စဉ်တွင် ပြိုကျမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ ပြိုကျမှုဖြစ်ပွားသည့် မိုင်းတွင်းမှာ ယူနန်ဒေါင်ယန်းလုကျိ ကျောက်မီးသွေးတွင်း သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်ပိုင် မိုင်းတွင်းတစ်တွင်းဖြစ်ကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ပိတ်မိနေဆဲ လူခုနစ်ဦးအား ကယ်ဆယ်နိုင်ရေး အပတ်တကုတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း မောင်မောင်မြင့်ဆွေ – စုစည်းသည်

ဘရပ်ဆဲလ်အိုးပင်းတင်းနစ်ပြိုင်ပွဲ စီဘူလ်ကိုဗာ နောက်တစ်ဆင့်တက်လှမ်း

ဘရပ်ဆဲလ် မေ ၂၂

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပလျက်ရှိသော ဘရပ်ဆဲလ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ပထမအဆင့်ပွဲစဉ်များကို မေ ၂၂ ရက်က ကျင်းပရာ ဆလိုဗက်ကီးယားတင်းနစ်မယ် စီဘူလ်ကိုဗာ **(အပေါ်ပုံ)**က ခရစ္စတီးနားမက်ဟေးအား အနိုင်ရရှိပြီး နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်သည်။

ပွဲအပြီးပြောကြား

စီဘူလ်ကိုဗာသည် အမေရိကန်တင်းနစ်မယ် မက်ဟေးအား ၇-၆ (၇-၁)၊ ၆-၁ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ စီဘူလ်ကိုဗာသည် အစောပိုင်းပွဲငယ်များတွင် အမှားအယွင်းအနည်းငယ်ရှိခဲ့သော်လည်း အနိုင်ရအောင် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဘယ်လ်ဂျီယံတင်းနစ်မယ် အလီဆန်ဗင်ယူဗင့်က ကာဇက်စတန်တင်းနစ်မယ် ပါဗက်အား ၆-၃၊ ၅-၇၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဗင်ယူဗင့်က မိမိသည် ယခုပွဲ၌ ခက်ခက်ခဲခဲကစားခဲ့ရကြောင်း ပွဲအပြီးပြောကြားခဲ့သည်။

တစ်ဖန် နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ရုရှားတင်းနစ်မယ် ပက်ထရိုဗာနှင့် ယူကရိန်းတင်းနစ်မယ် ဘန်ဒါရင်ကိုတို့ပွဲတွင် ပက်ထရိုဗာက ၆-၄၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ထို့အတူ ရိုမေးနီးယားတင်းနစ်မယ် ဟာလက်နှင့် ဆားဘီးယားတင်းနစ်မယ် ဂျန်ကိုဗစ်တို့ပွဲတွင် ဟာလက်က ၆-၂၊ ၃-၆၊ ၇-၆ (၇-၃) ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ဘယ်လ်ဂျီယံတင်းနစ်မယ် ပီရွန်ကိုဗာနှင့် ဂရိတင်းနစ်မယ် ဒါနေးလ်လီဒူတို့ပွဲတွင် ပီရွန်ကိုဗာက ၆-၁၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး အသီးသီးနောက်တစ်ဆင့် တက်ရောက်သွားကြပြီဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲ အိုင်ဒိုယူဗိုလ်စွဲ

ရှန်ဟိုင်း မေ ၂၂



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိသော နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ်၏ ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲကို မေ ၂၂ ရက်က ဆက်လက်ကျင်းပရာ အမျိုးသားအလျားခုန်ပြိုင်ပွဲ၌ ဗြိတိန်မှ ဖီးလစ်အိုင်ဒိုယူက ဗိုလ်စွဲသွားခဲ့သည်။ ***(ယာပုံ)***

ဖီးလစ်အိုင်ဒိုယူသည် အမျိုးသားအလျားခုန်ပြိုင်ပွဲ၌ ၁၇ ဒသမ ၂၇ မီတာ ခုန်ပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု မှန်းနေသူဖြစ်သည်။ အမေရိကန်အလျားခုန်အားကစားသမား ဝီလ်ကလေးက ၁၇ ဒသမ ၁၂ မီတာ ခုန်ပြီး ဒုတိယရရှိခဲ့သည်။ ထို့အပြင် နောက်ထပ်အမေရိကန်အလျားခုန်သမား ခရစ္စတင်းတေလာက ၁၆ ဒသမ ၅၉ မီတာခုန်ပြီး တတိယရရှိခဲ့သည်။

ပြောကြား

တစ်ဖန် ဩစတြေးလျမှ ဟန်နရီဖရေးက ၁၆ ဒသမ ၆၇ မီတာခုန်ပြီး စတုတ္ထရရှိခဲ့သည်။ ဟန်နရီဖရေးသည် မကြာမီကျင်းပမည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိအောင် ထပ်မံလေ့ကျင့်သွားမည်ဟု ပြိုင်ပွဲအပြီး ပြောကြားသွားသည်။

ထို့အတူ တရုတ်မှ အလျားခုန်ကစားသမား ဒေါင်ပင်က ၁၆ ဒသမ ၃၅ မီတာဖြင့် ပဉ္စမရရှိခဲ့သည်။ တစ်ဖန်နောက်ထပ်တရုတ်အလျားခုန်ကစားသမား ကောင်ရှိုက ၁၆ ဒသမ ၃၄ မီတာခုန်ပြီး ဆဋ္ဌမရရှိခဲ့သည်။ တရုတ်အလျားခုန်ကစားသမားများအနေဖြင့် လန်ဒန်အိုလံပစ်ပြိုင်ပွဲဝင်ရန် ထပ်မံလူရွေးချယ်မှုများ ပြုလုပ်ရဦးမည်ဖြစ်သည်။ ဆက်လက်ပြီး ပောတီနိုင်ငံမှ အလျားခုန်ကစားသမားဆမ်ယာလိန်းက ၁၆ ဒသမ ၀၉ မီတာခုန်ပြီး သတ္တမရရှိခဲ့သည်။ ပောတီနိုင်ငံသား ဆမ်ယာလိန်းသည် ၂၀၁၂ ခုနှစ်လန်ဒန်ပြေးခုန်ပစ်၌ နိုင်ငံကိုယ်စားပြုပါဝင်ယှဉ်မည်ဖြစ်သည်။ ***(အင်တာနက်)***

ဥရောပချန်ပီယံရှစ်ရေကူးပြိုင်ပွဲ မီတာ ၄၀၀ ၌ ဂျာမနီ ရေကူးသမားဗိုလ်စွဲ



ဘာလင် မေ ၂၂

ဥရောပချန်ပီယံရှစ်ရေကူးပြိုင်ပွဲကို ဟန်ဂေရီနိုင်ငံ ဒီဘရီဆင်မြို့၌ မေ ၂၂ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းရေကူးပြိုင်ပွဲ၌ ဂျာမနီရေကူးမယ်အဖွဲ့က ဗိုလ်စွဲခဲ့သည်။

ဂျာမနီရေကူးမယ် စတီဗင်၊ လစ်ပေ့ါခ်၊ ဗစ်တင်းနှင့် ရှရီဘာတို့အဖွဲ့က ၃ မိနစ် ၃၇ ဒသမ ၉၈ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ထို့အတူ ဆွီဒင်ရေကူးမယ်အဖွဲ့ဖြစ်သည့် မာကိုဘာဂ၊ ကိုလီမင်း၊ အက်ဂျီစတုန်းနှင့် ဖာဂန်ဒက်ဇ်တို့အဖွဲ့က ၃ မိနစ် ၃၈ ဒသမ ၄၀ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။

စိတ်ကြိုက်ကူး

တစ်ဖန် အီတလီရေကူးမယ်အဖွဲ့ဖြစ်သည့် မီဇာယူ၊ ပီလက်ရီနီ၊ ဘူရာတိုနှင့် ဖာရေအိုလီတို့က ၃ မိနစ် ၃၉ ဒသမ ၈၄ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ ထို့အတူ အမျိုးသား မီတာ ၄၀၀ စိတ်ကြိုက်ကူးပြိုင်ပွဲ၌ ဂျာမနီမှ ပေါလ်ဘီဒါမင်း **(ဝဲပုံ)**က ၃ မိနစ် ၄၇ ဒသမ ၈၄ စက္ကန့်ဖြင့် ပထမ၊ ဟန်ဂေရီမှ လာရိုကစ်က ၃ မိနစ် ၄၈ ဒသမ ၀၉ စက္ကန့်ဖြင့် ဒုတိယ၊ အီတလီမှ ဆမ်မြူရယ်ပီဇက်တီက ၃ မိနစ် ၄၈ ဒသမ ၆၆ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

အမျိုးသမီး မီတာ ၄၀၀ စိတ်ကြိုက်ကူးပြိုင်ပွဲ၌ ဟန်ဂေရီမှ ဟော့စ်ဇူက ၄ မိနစ် ၃၃ ဒသမ ၇၆ စက္ကန့်ဖြင့် ပထမ၊ နောက်ထပ်ဟန်ဂေရီမှ ဂျာကာဘော့စ်က ၄ မိနစ် ၃၅ ဒသမ ၆၈ စက္ကန့်ဖြင့် ဒုတိယရရှိပြီး ချက်နိုင်ငံမှ ဇာဗာဒိုဗာက ၄ မိနစ် ၃၈ ဒသမ ၀၇ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ **(အင်တာနက်)**

တွေးခေါ်မြော်မြင်မှု မှန်ကန်ပြီး အနာဂတ်တွင် အားကိုးအားထားရသည့် စာရိတ္တကောင်းမွန်သော လူချွန်လူကောင်းလေးများဖြစ်ရန် အသိတရားနှင့်ယှဉ်ကာ ကြိုးစား

နေပြည်တော် မေ ၂၂

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍသည် အဓိကကျသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း၊ ပညာသင်ယူ လေ့လာသင်ကြားရာတွင် အခြေခံအဆင့်မှ ထိပ်တန်းအဆင့်သို့ တက်လှမ်းနိုင်အောင် ကြိုးစားသင်ယူ လေ့လာကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် တွေးခေါ်မြော်မြင်မှုမှန်ကန်ပြီး အနာဂတ်တွင် အားကိုးအားထားရသည့် စာရိတ္တကောင်းမွန်သော လူချွန်လူကောင်းလေးများဖြစ်ရန် အသိတရားနှင့်ယှဉ်ကာ ကြိုးစားကြစေလိုကြောင်းဖြင့် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြောကြားသည်။

ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းသားသမီး တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ညွှန်ကြားရေးမှူးချုပ်များက တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း ပညာသင်ထောက်ပံ့ကြေးငွေများကို အသီးသီးပေးအပ်ကြသည်။

ယနေ့ ကျင်းပသည့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်တို့တွင် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူ ၂၄၂၂ ဦးတို့အတွက် ပညာသင်ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၃၁၁၈၄၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ်(၄၄)ပထမနှစ် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်း ဆရာအတတ်သင် သုံးနှစ်သင်တန်း အမှတ်စဉ်(၄၄) ပထမနှစ်သင်တန်းသား သင်တန်းသူများ ဩဝါဒခံယူ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်းအမှတ်စဉ်(၄၄) ပထမနှစ် သင်တန်းသား သင်တန်းသူများ ဩဝါဒခံယူပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ စစ်ကိုင်းမြို့ ရွာသစ်ကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် စစ်ကိုင်းမြို့၌ သိပ္ပံအဆင့်နှင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ် မေ ၁၀ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၉/၉၁ အရ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ တက္ကသိုလ်အဆင့် တိုးမြှင့်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ သိပ္ပံအဆင့်တွင် မူလတန်းပြကိုသာ မွေးထုတ်ပေးနိုင်ခဲ့ရာမှ တက္ကသိုလ်အဆင့်တွင် အလယ်တန်းနှင့် အထက်တန်း ဆရာ ဆရာမများအဖြစ် မွေးထုတ်ပေးနိုင်ရန်ဖြစ်ကြောင်း၊ ၂၀၀၈ မှ ၂၀၁၁ ခုနှစ်အထိ သင်တန်းသား အသစ်ခေါ်ယူခြင်းကိုရပ်နားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပြီး မူလတန်းအတတ်သင် သုံးနှစ်သင်တန်းကို စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း။

သင်ကြားပေး

ပညာရေးကဏ္ဍအနေဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်ပညာကို အိုးမကွာ အိမ်မကွာ ပညာသင်ယူနိုင်ရန် မြိတ်တက္ကသိုလ်နှင့်ထားဝယ်တက္ကသိုလ်တို့ရှိနေပြီဖြစ်ကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်က နည်းပညာတက္ကသိုလ်နှင့်ကွန်ပျူတာတက္ကသိုလ်တို့ကိုလည်း မြိတ်မြို့နှင့် ထားဝယ်မြို့များတွင် ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာအနေဖြင့် တိုင်းဒေသကြီးအတွင်းတွင် အထက်တန်းကျောင်း ၄၄ ကျောင်း၊ အလယ်တန်းကျောင်း ၆၆ ကျောင်း၊ မူလတန်းကျောင်း ၁၀၀၀ ဖွင့်လှစ်ပေးထားပြီး ကျောင်းသားကျောင်းသူပေါင်း ၂၆၂၀၄၆ ဦးကို ပညာသင်ကြားရေးဝန်ထမ်း ၈၀၁၀ တို့က ပြုစုပျိုးထောင် သင်ကြားပေးလျက်ရှိကြောင်း။

တိုက်တွန်းမှာကြား

မောင်တို့ မယ်တို့အနေဖြင့် ယခုသွားရောက် ပညာဆည်းပူးကြမည့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်က ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ မူဘောင်အတွင်း လိုက်နာကျင့်ကြံသွားကြရန်၊ တက္ကသိုလ်မှ ပညာဆည်းပူးရင်း ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်အောင် ကြိုးစားကြရန်၊ ဒို့တာဝန်အရေး (၃)ပါးနှင့် ဦးတည်ချက်(၁၂)ရပ်ကို လေးစားလိုက်နာကြရန်၊ တက္ကသိုလ်၏ ရည်မှန်းချက်(၇)ရပ်ကို အကောင်အထည်ဖော်နိုင်အောင် ကြိုးစားကြရန်၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ လမ်းညွှန်သွန်သင်မှုတို့ကို ကြိုးစားနာယူရန်၊ သင်တန်းသားများ လိုက်နာရန် စည်းကမ်းများကို တိတိကျကျ လိုက်နာကျင့်ကြံကြရန်နှင့် တနင်္သာရီတိုင်းဒေသကြီးဂုဏ်ဆောင် ထူးချွန်ထက်မြက်သော သင်တန်းသားများ ဖြစ်အောင်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသွားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသားများအား ဂုဏ်ပြုထောက်ပံ့ ငွေကျပ် ၃ ဒသမ ၃ သိန်းကို ပေးအပ်ချီးမြှင့်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့က လက်ခံကြပြီး မြိတ်မြို့နယ်မှ မောင်အောင်နိုင်ထက်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်းအမှတ်စဉ် (၄၄) ပထမနှစ်သို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ သင်တန်းသားငါးဦး၊ သင်တန်းသူခြောက်ဦး စုစုပေါင်း သင်တန်းသား ၁၁ ဦး တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ရှိ သိုက်ချောင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားခွဲရုံ ဖွင့်လှစ်

နေပြည်တော် မေ ၂၂

နေပြည်တော် ဇေယျာသီရိမြို့နယ် နန်းသြကျေးရွာအုပ်စု သိုက်ချောင်းကျေးရွာမီးလင်းရေး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်၊ ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် သိုက်ချောင်းကျေးရွာမီးလင်းရေးကော်မတီဝင် ဦးလှဝင်းတို့က လျှပ်စစ်ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်က အမှာစကားပြောကြားပြီး ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသွင်ဦးက ကျေးရွာလျှပ်စစ်မီးရရှိရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

အသုံးပြုနိုင်

ယနေ့ဖွင့်လှစ်သည့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်ဓာတ်အားခွဲရုံကို ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ် ၄၄၅ သိန်းခန့်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး (200) KVA အမျိုးအစားဖြစ်ကာ အိမ် ၉၆ လုံး လျှပ်စစ်မီးရရှိ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ် သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၂

မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(ရုံးချုပ်) သင်တန်းခန်းမ၌ အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ် သင်တန်းအမှတ်စဉ် (၁/၂၀၁၂)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

တက်ရောက်

သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၃-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၅ နိုင်ငံတော်သီချင်း
၇:၁၀ တရားတော်

ညပိုင်း

၄:၄၀ ရှေးဟောင်းသုတ
၄:၅၅ ကြိုတင်တားဆီး ရန်သူမီး
၅:၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမေ့အပြုံး** (အပိုင်း -၅)
၆:၃၅ ကာတွန်းအစီအစဉ် **ရူပါဟမ်းစတား** (အပိုင်း-၅၂)(ဇာတ်သိမ်း)
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ** (အပိုင်း-၃၈)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- ရယ်စရာပျော်စရာဟာသကမ္ဘာ **ဖူးစာအလွဲမင်္ဂလာပွဲ** ဦးသာမင်း၊ ရီရီပွင့်ဖြူ၊ ဝင်းနိုင်၊ ဇရာနှင့် သရုပ်ဆောင်များ (ဒါရိုက်တာ- စိန်လင်း) (ပုံရိပ်ရွှေမြေ)
- အိုင်စီတီသုတ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရိုက်အရာ** (အပိုင်း-၁၅)
- ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ပြင်သစ်နိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ပြင်သစ်နိုင်ငံမှ Sales Director of ATR Mr. Francois LENEVEU သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး ဝန်ကြီးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ လေကြောင်းခရီး သွားလာမှုတိုးတက်လာကြောင်း၊ ယခင်နှစ်ကထက် ၂၃ ရာခိုင်နှုန်းခန့် တိုးတက်လာသဖြင့် မြန်မာနိုင်ငံသို့ နိုင်ငံတကာလေကြောင်းလိုင်းများ ပိုမိုတိုးချဲ့ပျံသန်းလာခြင်း၊ လေကြောင်းခရီးစဉ်သစ်များ ပျံသန်းမှုပြုလုပ်လာခြင်းများရှိလာကြောင်း၊ ထို့ကြောင့် ပြည်တွင်းလေကြောင်းခရီးသွားလာမှုအတွက် လေယာဉ်သစ်များ ထပ်မံဖြည့်ဆည်းရန်လိုအပ်လာသဖြင့် ATR လေယာဉ်များနှင့် ပတ်သက်၍ သိရှိလိုကြောင်း ပြောကြားပြီး Mr. Francois LENEVEU က ATR လေယာဉ်များအား ကမ္ဘာတစ်ဝန်းအသုံးပြုမှု အခြေအနေ၊ ဈေးနှုန်း၊ အမှာစာလက်ခံရရှိမှု၊ လေယာဉ်အသစ် မှာယူမည်ဆိုပါက ကြာမြင့်နိုင်မည့်အချိန်၊ ATR-600 Series လေယာဉ်များတွင် ATR-500 Series လေယာဉ်များထက် ပိုမိုကောင်းမွန်အောင် တည်ဆောက်ထားရှိမှုကို ပြန်လည်ပြောကြားသည်။

မြန်မာနိုင်ငံရှိ ပြည်တွင်းလေကြောင်းများအနက် နိုင်ငံတော်ပိုင်မြန်မာ့လေကြောင်းနှင့် ပုဂ္ဂလိကပိုင် Air Bagan လေကြောင်းလိုင်းတို့တွင် ATR FLEET တစ်ခုစီရှိပြီး ကျန်ပြည်တွင်းလေကြောင်းလိုင်းလေးခုသည် ATR လေယာဉ်တစ်မျိုးတည်းကိုသာ အသုံးပြုပျံသန်းလျက်ရှိသည်။ ATR လေယာဉ်များသည် လက်ရှိပြည်တွင်းလေကြောင်းပို့ဆောင်ရေးတွင် စင်းရေအများဆုံး အသုံးပြုလျက်ရှိကာ ကမ္ဘာပေါ်တွင် ATR လေယာဉ်စင်းရေ ၁၅၀၀ ကျော် အသုံးပြုလျက်ရှိပြီး ခေတ်မီ၍ SAFETY ရှိသော TURBO PROP လေယာဉ်များဖြစ်ကြောင်း သိရှိရသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြော်ငြာလုပ်ငန်းများ ပုံသဏ္ဍာန်ပြောင်းလဲလုပ်ကိုင်လာကြ

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့တွင်းရှိ ကြော်ငြာလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်အများစုမှာ ကြော်ငြာလုပ်ငန်းများ ဆောင်ရွက်ကြရာ၌ ရွေ့လျားကြော်ငြာပုံစံများကို သုံးစွဲလာကြကြောင်း ပြည်တွင်းကြော်ငြာလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများမှ တစ်ဆင့် သိရှိရသည်။

ပြောင်းလဲလုပ်ကိုင်

“ကြော်ငြာဘုတ် အသေးတွေကို တပ်ဆင်ခွင့်မရတော့ပေမယ့် ကြော်ငြာလုပ်ငန်းက ဆက်လက်လည်ပတ်နေရမှာဆိုတော့ ရွေ့လျားကြော်ငြာတွေကို ဈေးကွက်လိုအပ်ချက်အရ ပြောင်းလဲလုပ်ကိုင်လာကြတာပါ။ အဓိကကတော့ လက်ကမ်းကြော်ငြာနဲ့ ဘတ်စ်ကားတွေ၊ အငှားယာဉ်တွေမှာ အများဆုံးကြော်ငြာလာကြပါတယ်”ဟု Digital media မှ တာဝန်ရှိသူက ပြောကြားသည်။

တွင်ကျယ်စွာမြင်တွေ့

ရန်ကုန်မြို့ရှိ ကြော်ငြာလုပ်ငန်းများသည် ဘတ်စ်ကားယာဉ်လိုင်းများအတွင်း ကြော်ငြာသေးများဖြင့် ကြော်ငြာခြင်း၊ ဘတ်စ်ကားအပြင် ဘော်ဒီတစ်လျှောက် ရောင်စုံစတေကာ ကြော်ငြာများကပ်ခြင်းများ ပြုလုပ်လာကြသည်။ မိုဘိုင်းလ်ကြော်ငြာလုပ်ငန်းမှာ မူလကတည်းက တည်ရှိခဲ့သော်လည်း ယခုကာလ မြေစိုက်ကြော်ငြာဘုတ်များ မရှိတော့သည့်အချိန်တွင် ပိုမိုအားကောင်းလာခဲ့ကာ အငှားယာဉ်များတွင်လည်း ယခုကဲ့သို့ မိမိတို့အမှတ်တံဆိပ်များနှင့် ရောင်စုံကာလာများဖြင့် ကြော်ငြာမျိုးစုံကို တွင်ကျယ်စွာ မြင်တွေ့လာပြီ ဖြစ်သည်။

တီထွင်ကြံဆ

“ကြော်ငြာခ အနေနဲ့ကတော့ မြေစိုက်ဘုတ်လောက် မများပါဘူး။ ဒါပေမယ့် ကားတစ်စီးလုံးအတွက် ရောင်စုံ စတေကာကပ်ရတာက မလွယ်ဘူးလေ။ ဈေးနှုန်းကလည်းများတယ်။ ကားအရွယ်အစားနဲ့ ပုံသဏ္ဍာန်ပေါ်မှာလည်း မူတည်သေးတယ်။ ယာဉ်လိုင်းတွေ၊ ယာဉ်ပိုင်ရှင်တွေနဲ့လည်း ညှိရတာတွေရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတကာမှာလည်း မြေစိုက်ကြော်ငြာဘုတ်တွေရဲ့ အခွန်အခက အလွန်မြင့်မားတဲ့အတွက် အခုလိုမျိုး ရွေ့လျားကြော်ငြာလုပ်ငန်းတွေ တွင်ကျယ်နေတာပဲ။ စီးပွားရေး လုပ်ငန်းဆိုတာတော့ ဒီလိုပါပဲ။ တစ်နည်းအဆင်မပြေရင် နောက်တစ်နည်းနဲ့ တီထွင်ကြံဆနေကြရပါတယ်။

များပြားလာ

အခွန်အခသက်သာစေတဲ့ လက်ကမ်းစာစောင်ဝေငှနည်းတွေလည်း ရန်ကုန်တစ်မြို့လုံးမှာ များပြားလာနေတာပဲလေ။ အဓိကကတော့ အများသူငှာ ထိခိုက်မှုမရှိစေဘဲ မိမိရဲ့ကုန်စည်တွေ သူတစ်ပါးသိရှိလာဖို့ နည်းအမျိုးမျိုးနဲ့ ဈေးကွက်ရှာကြရတာပါ”ဟု ကြော်ငြာဘုတ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ခွင့်ပြုထား

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုထားခဲ့သည့် ကြော်ငြာဆိုင်းဘုတ်များမှာ အကြီး၊ အသေး အားလုံးပေါင်းပါက နှစ်သောင်းကျော်ရှိခဲ့ကြောင်း သိရှိရသည်။

ခင်လေးမြင့်အောင်

သထုံခရိုင် ဘီးလင်းမြို့နယ် ယက္ကန်းသည်မကျေးရွာ မြသိန်းတန်ကျောင်းတိုက်အတွင်း သိမ်ဆောက်လုပ်လှူဒါန်းရန် အလှူတော်ငွေကျပ်သိန်း ၅၀ ကို မြောက်ဥက္ကလာပမြို့နယ်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမီ) သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း၊ သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်း၊ မောင်ပြည့်စုံဟိန်းနှင့် တူမ ဒေါ်အေးအေးမော် (မုံရွာဆရာမိုး တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး) မိသားစုတို့က မေ ၂၀ ရက်တွင် လှူဒါန်းရာ သိမ်ဖြစ်မြောက်ရေး အကျိုးတော်ဆောင်အဖွဲ့ ဦးခင်ဇော်၊ ဦးချစ်တင်နှင့် ဦးအုန်းမြင့်တို့ လက်ခံယူကြစဉ်။ (မြန်မာ့အလင်း)

နိုင်ငံတကာ နိုင်ငံတကာ နိုင်ငံတကာ

သမ္မတဖြစ်ချင်တယ်လို့ပြောတဲ့ အဆိုတော် မက်ဒေါနား

လော့စ်အိန်ဂျလိစ် မေ ၂၂

အဆိုတော်မက်ဒေါနားဆိုတာ ကမ္ဘာကျော်တဲ့ အဆိုတော်ကြီးတစ်ဦးပါ။ ယခု သူကသမ္မတဖြစ်ချင်တယ်တဲ့။ သမ္မတဖြစ်ချင်တဲ့အကြောင်းကတော့ အဖျက်စွမ်းအားကြီးတဲ့ လက်နက်တွေနဲ့ပတ်သက်ပြီး ငွေတွေဖြုန်းတီးနေတာရပ်တန့်ပစ်ချင်လို့တဲ့။

“ကျွန်မသာ တကယ်သမ္မတဖြစ်လာခဲ့မယ်ဆိုရင် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒီအတိုင်းပြောင်းလဲဖို့ ဝန်မလေးပါဘူး။ ဒီအတွက်ကြောင့်လည်း ကျွန်မအမေရိကန်သမ္မတဖြစ်ချင်နေတာပါ။အဖျက်စွမ်းအားကြီးမားတဲ့ လက်နက်တွေနဲ့ပတ်သက်ပြီး ငွေတွေပုံအောကုန်နေတာ မဖြစ်သင့်တော့ဘူးလို့ ကျွန်မအနေနဲ့ ရှုမြင်မိပါတယ်။ ဒီလိုအဖျက်စွမ်းအားကြီးမားတဲ့ လက်နက်တွေနဲ့ပတ်သက်ပြီးငွေတွေကုန်နေမယ့်အစား အခြားအကျိုးရှိတဲ့ ပညာရေးလုပ်ငန်းတွေ၊ အနုပညာလုပ်ငန်းတွေ၊ ကျန်းမာရေးလုပ်ငန်းတွေမှာပိုပြီး သုံးစွဲစေချင်ပါတယ်”လို့ သူမ တစ်နေ့ အမေရိကန်သမ္မတဖြစ်လာခဲ့ရင် ဘာလုပ်မလဲဆိုတာနဲ့ပတ်သက်ပြီး သတင်းထောက်ကမေးမြန်းရာမှာ ဖြေကြားခဲ့ခြင်းဖြစ်ပါတယ်။ အသက် ၅၃နှစ်အရွယ်ရှိပြီဖြစ်တဲ့ အဆိုတော်မက်ဒေါနား **(ဝဲပုံ)**ဟာ ကမ္ဘာတစ်ဝန်းမှာအောင်မြင်ကျော်ကြားနေတဲ့ အဆိုတော်ဖြစ်ပါတယ်။ ဂီတလောကမှာ ဝင်ငွေအကောင်းဆုံး အဆိုတော်လည်းဖြစ်ပါတယ်။

(အင်တာနက်)

ခရစ်ဘရောင်းနဲ့ ချယ်ရီကိုးလ် သူငယ်ချင်းတွေ ဖြစ်သွားကြပြီ

လော့စ်အိန်ဂျလိစ် မေ ၂၂

အဆိုတော် ခရစ်ဘရောင်းဟာ ကမ္ဘာကျော်တဲ့ ရက်(ပ်) အဆိုတော် တစ်ဦးဖြစ်ပါတယ်။ သူဟာ ၂၀၀၉ ခုနှစ်က R&B အဆိုတော်ရီဟာန်နားနဲ့ လက်ထပ်ခဲ့ပြီးနောက် ခရစ်ဘရောင်းက ရီဟာန်နားကို ရိုက်ပုတ်ခဲ့တဲ့အတွက် နှစ်ဦးသဘောတူ ကွာရှင်းခဲ့ပါတယ်။

ယခုအခါမှာတော့ အဆိုတော်ခရစ်ဘရောင်းဟာ အဆိုတော် ချယ်ရီကိုးလ်ရဲ့ သူငယ်ချင်းဖြစ်နေပါပြီ။ အဆိုတော် ချယ်ရီကိုးလ်က ရေဒီယိုတွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ သူနဲ့ခရစ်ဘရောင်း **(အပေါ်ပုံ)**တို့ သူငယ်ချင်းတွေဖြစ်သွားတဲ့အကြောင်း ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အဆိုတော် ချယ်ရီကိုးလ်ဟာ ချယ်လ်ဆီးဘောလုံးသမားအက်ရှ်လေကိုးလ်ရဲ့ ဇနီးဟောင်းဖြစ်ပါတယ်။ ချယ်ရီကိုးလ်ဟာ ချယ်လ်ဆီးနောက်တန်းကစားသမား ဂျွန်တယ်ရီနဲ့ သမုတ်ခံခဲ့ရပြီးနောက် အက်ရှ်လေကိုးလ်နဲ့ ချယ်ရီကိုးလ်တို့ လမ်းခွဲခဲ့ကြပါတယ်။ ယခုအခါမှာတော့ ခရစ်ဘရောင်းနဲ့ ချယ်ရီကိုးလ်တို့ သူငယ်ချင်းတွေဖြစ်နေကြတယ်လို့ ဆိုပါတယ်။ **(အင်တာနက်)**

ကောင်းမြတ်သူ – စုစည်းသည်

အဆိုတော် ဂျပ်စတင်ဘီဘာ သူငယ်ချင်းအသစ်တွေ့နေ

နယူးယောက် မေ ၂၂

ကနေဒါနိုင်ငံက လူငယ်အဆိုတော်လေး ဂျပ်စတင်ဘီဘာဆိုသူဟာ အမေရိကန်သရုပ်ဆောင်နဲ့ အဆိုတော် ဆီလီနာဂိုမက်နဲ့ ချစ်သူတွေဖြစ်ခဲ့ကြပါတယ်။ သူတို့နှစ်ဦးဟာ ဂီတလောကမှာ အတွဲများတဲ့ အတွဲတစ်တွဲဖြစ်ပါတယ်။

အသက် ၁၈ နှစ်သာရှိသေးတဲ့ အဆိုတော်ဂျပ်စတင်ဘီဘာကို တလောက ကလေးတစ်ဦးရဲ့ အဖေလို့လည်း အမျိုးသမီးတစ်ဦးက စွပ်စွဲထားပါတယ်။ ယခုလည်း ဂျပ်စတင်ဘီဘာဟာ ဗာဂျီးနီးယား အထက်တန်းကျောင်းသူလေး ကာဒီအီမာနဲ့ သူငယ်ချင်းတွေဖြစ်နေကြပြီလို့ ဆိုပါတယ်။ **(ဝဲပုံ)**

အဆိုတော် ဂျပ်စတင်ဘီဘာက ဘေလ်ဘုတ်ဂီတဆုပေးပွဲမှာ ကာဒီအီမာကို တက်ရောက်ဖို့ဖိတ်ကြားခဲ့ပါတယ်။ ဒီပွဲမှာ ဂျပ်စတင်ဘီဘာက သူရဲ့ချစ်သူ ဆီလီနာဂိုမက်ကို မခေါ်ခဲ့ပါဘူး။ သူတို့နှစ်ဦး လမ်းခွဲသွားကြပြီဟု အများက ထင်ကြေးပေးနေကြပါတယ်။

(အင်တာနက်)

ကမ္ဘာမှာစတိုင်အကျဆုံးမိသားစုလို့ ဒေးဗစ်ဘက်ခမ်းပြောကြား

လော့စ်အိန်ဂျလိစ် မေ ၂၂

ဒေးဗစ်ဘက်ခမ်းဆိုတာ ကမ္ဘာကျော်တဲ့ ဘောလုံးမင်းသားပါ။ သူ့ဇနီးကလည်း ကမ္ဘာကျော်မော်ဒယ်တစ်ဦးပါ။ ဗစ်တိုးရီးယားလို့ ခေါ်ပါတယ်။ သူတို့မှာ သားသုံးဦးရှိပါတယ်။

သူတို့မိသားစုဟာ မေ ၂၁ ရက်က လော့စ်အိန်ဂျလိစ်မြို့မှာကျင်းပတဲ့ အားကစားနဲ့ပတ်သက်တဲ့ ဂုဏ်ပြုဧည့်ခံပွဲတစ်ခုကို တက်ရောက်ခဲ့ကြပါတယ်။ အဲဒီမှာ သတင်းထောက်တွေကလည်း သူတို့မိသားစုရဲ့ မှတ်တမ်းဓာတ်ပုံတွေရိုက်ပေးကြပါတယ်။ ဒေးဗစ်ဘက်ခမ်းနှင့် သူတို့မိသားစုဟာ ကမ္ဘာမှာ စတိုင်အကျဆုံးမိသားစုလို့ သတင်းထောက်တွေကို ပြောတယ်တဲ့။ (ယာပုံ)

ဒေးဗစ်ဘက်ခမ်းဟာ ဘောလုံးကစားနေတဲ့အချိန်မှာတောင် ကိုယ်ပိုင်ဟန် ကိုယ်ပိုင်စတိုင်နဲ့ နေတတ်တဲ့သူပါ။ ဟောလိဝုဒ်ကမင်းသားတွေတောင် သူ့ရဲ့စတိုင်ကို လိုက်မမီပါဘူး။ ဒါကြောင့်လည်း သူ့ကို ဘောလုံးမင်းသားလို့ ပရိသတ်တွေက ပြောဆိုနေကြတာဖြစ်ပါတယ်။ ပြီးတော့ သူဟာ ဟောလိဝုဒ်မင်းသား မင်းသမီးတွေ၊ ဂီတလောကသားတွေနဲ့ အမြဲဆက်ဆံနေတဲ့သူတစ်ဦးပါ။ သူ့ဇနီးဖြစ်သူ ဗစ်တိုးရီးယားရဲ့ မော်ဒယ်၊ သရုပ်ဆောင်အလုပ်နဲ့ ဆက်စပ်နေတာကြောင့် ဒေးဗစ်ဘက်ခမ်းဟာလည်း ဂီတလောကနဲ့ အကျွမ်းတဝင်ရှိနေတာ ဖြစ်ပါတယ်။ ယခု သူတို့ မိသားစုဟာ ကမ္ဘာမှာ စတိုင်အကျဆုံးမိသားစုလို့ ဘက်ခမ်းက အမွှမ်းတင်ပြောကြားလိုက်ပါတယ်။ (အင်တာနက်)

✻ ကျောဖုံးမှ

မေခရီစီးပွားရေးပုံစံဖြင့် ဘက်စုံထောင့်စုံမှ ဟန်ချက်ညီရေးဆွဲကြရမည်ဖြစ်ပြီး ကဏ္ဍနယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးစီမံကိန်းဆိုင်ရာပညာရှင်များ၊ Economist များ၏ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုဖြင့် ရေးဆွဲအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

Reform Plan ရေးဆွဲရေးအတွက် သီးနှံအမျိုးအစားအလိုက် မြေယာအသုံးချမှုအခြေအနေမှ အစပြု၍ သွင်းအားစုများဖြစ်သည့် မျိုး၊ ဓာတ်မြေဩဇာ၊ နည်းပညာ၊ စက်ကိရိယာ၊ စိုက်ပျိုးရေ စသည်တို့၏ လိုအပ်ချက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေခံ ကိန်းဂဏန်းများ မြေပြင်အခြေအနေနှင့် ကိုက်ညီပြုစုထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကိန်းဂဏန်းများ နောက်ဆုံးအခြေအနေနှင့် မှန်ကန်ရန်လိုကြောင်း။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၁)အဖြစ်လည်းကောင်း၊ လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၁) အဖြစ်လည်းကောင်း ယခုနှစ် မတ် ၃၀ ရက်တွင် တစ်ပြိုင်တည်း ထုတ်ပြန်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

အသစ်ပြဋ္ဌာန်းလိုက်သော လယ်ယာမြေဥပဒေသည် လယ်ယာမြေလုပ်ကိုင်လျက်ရှိကြသည့် တောင်သူလယ်သမားများ၏ လုပ်ပိုင်ခွင့်အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မှန်ကန်ခိုင်မာစွာ အကာအကွယ်ရရှိစေရန် အဓိကဖြစ်ကြောင်း။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ချထားရေး ဥပဒေမှာလည်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ လယ်ယာကဏ္ဍတွင် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ရာ ယင်းမြေယာဥပဒေများအား ရေးဆွဲပြဋ္ဌာန်းလိုက်ခြင်းမှာ လယ်ယာကဏ္ဍ၏ မဟာဗျူဟာအရ အဓိကပြုပြင်ပြောင်းလဲခြင်းတစ်ရပ်ပင်ဖြစ်ကြောင်း။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးစီမံကိန်းအကောင်အထည်ဖော်နိုင်ရန် အခြေခံလိုအပ်ချက်ဖြစ်သော အရင်းအနှီးငွေကြေးလိုအပ်ချက်အား နိုင်ငံတကာအကူအညီ အထောက်အပံ့များ၊ အကူအညီများ၊ ချေးငွေများ (Aids, Grants, Loans) များ ရရှိနိုင်ရေး နိုင်ငံတော်အစိုးရက ဆက်လက်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်၏ လိုအပ်ချက်အပေါ် ဤအစည်းအဝေးကို ခေါ်ယူဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် လယ်ယာကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံရန် လိုအပ်ငွေကြေးပမာဏများကို ဦးစားပေးလုပ်ဆောင်လိုကြသည့် စီမံကိန်းအမျိုးအစားအလိုက် ပြုစုတင်ပြကြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုဗဟိုအစိုးရက အကောင်အထည်ဖော်ပေးရမည့် လုပ်ငန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အစိုးရများက ဒေသအလိုက် အကောင်အထည်ဖော်နိုင်မည့်လုပ်ငန်းများ ခွဲခြားပြုစုတင်ပြကြရန် လိုအပ်ကြောင်း၊ သို့မှသာလျှင် နိုင်ငံတော်အဆင့် ရေးဆွဲပြုစုရာတွင် ဦးစားပေးကဏ္ဍအလိုက် ပါဝင်သွားမည်ဖြစ်ကြောင်း။

ယခုရေးဆွဲကြရမည့် ပြုပြင်ပြောင်းလဲမှု စီမံကိန်းများမှာ မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ရမည့် လိုအပ်ချက်အခြေအနေအရ ရေးဆွဲထားသည့် စီမံကိန်းများဖြစ်ရန် လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍ၏ သက်ဆိုင်ရာ နယ်ပယ်များအလိုက် ဝန်ကြီးဌာနမှ ပြုပြင်ပြောင်းလဲမှုစီမံကိန်းများရေးဆွဲရန် စီမံထားမှုကို ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များက ပါဝင်ဆွေးနွေးတင်ပြသွားကြမည်ဖြစ်ကြောင်း။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဓာတ်ပိုင်းပြောင်းလဲမှု၊ လယ်ယာမြေပြုပြင်ပြောင်းလဲမှု၊ စက်မှုလယ်ယာစနစ်ပြောင်းလဲမှုနှင့် အထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးမှုတို့ကို ဆောင်ရွက်သွားမှသာ အောင်မြင်မှု ရရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် ဒေသအသီးသီးတွင် အဓိကထွက်ရှိသည့် ထွက်ကုန်များကို အခြေခံ၍ မြို့နယ်/ကျေးရွာအလိုက် One Village One Product ပုံစံဖြင့် စိုက်ပျိုးရေးသီးနှံအခြေခံ Agro-based Industry စက်မှုလုပ်ငန်းထုတ်ကုန်တစ်မျိုးမျိုးအား ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ Value Added တန်ဖိုးမြင့်ထုတ်ကုန်စက်မှုလုပ်ငန်းငယ်များဖြင့် ခိုင်မာသောဈေးကွက်ရှာဖွေထူထောင်ပြီး လယ်သမားများကို ဝင်ငွေတိုးတက် ရရှိနိုင်ရေး၊ လက်တွေ့ကူညီစောင့်ရှောက်နိုင်ရေး စီမံလုပ်ဆောင်ပေးကြမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားတွင် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးဗျူဟာ (Reform Strategy) အရ တင်ပြလာသည့် ပြည်ထောင်စုနှင့် ဒေသန္တရစီမံကိန်းများ (Reform Plan)အပေါ် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးကြသည်။

ရိုင်းပင်းကူညီ

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အဓိကကျသည့် လယ်ယာကဏ္ဍမှ စိုက်ပျိုးရာသီ တစ်ရာသီပြီးတိုင်း တစ်ရာသီပြီးတိုင်း သီးနှံအမယ်အလိုက် အရည်အသွေးနှင့် အရေအတွက်ပါ တိုးတက် ထုတ်လုပ်နိုင်ခြင်းအားဖြင့် လက်တွေ့တိုးတက်မှုရရှိအောင် ရိုင်းပင်းကူညီအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ဝင်ငွေနှင့် ဈေးကွက်တွင် တွက်ခြေကိုက်မည့်၊ ဈေးကွက်ဝင်မည့် သီးနှံအမယ်အလိုက် စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ထိ ဈေးကွက်သို့ တင်ပို့ရောင်းချသည်အထိ (From Seedling to Marketing)၊ အစအလယ်အဆုံး (TOTAL SOLUTION) ပြီးပြည့်စုံအောင် ရေရှည်ခိုင်မာသည့် ဈေးကွက်ရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြောင်းလဲဆောင်ရွက်

အဓိက ဆန်စပါးသီးနှံကို ခေတ်မမီတော့သည့် ဆန်စက်ဟောင်းများအစား ခေတ်မီဆန်စက်များ ပြောင်းလဲထူထောင်ပေးခြင်းဖြင့် ဆန်စပါးသီးနှံကို လက်ရှိအခြေအနေမှ ၂၀ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်နိုင်မည် ဖြစ်သည့်အပြင် ဈေးကွက်ဝင် ဆန်အရည်အသွေးကောင်းမွန်လာမှုကြောင့် ခိုင်မာသော နိုင်ငံတကာ ဈေးကွက်ပြန်လည်ရရှိလာမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခေတ်မီဆန်စက်များ မဖြစ်မနေ ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံနှင့်အဝန်း ဖြစ်ထွန်းအောင်မြင်သည့် သစ်သီးဝလံစက်မှုကုန်ကြမ်းသီးနှံအပါအဝင် သီးနှံအမယ်စုံများကို ကုန်ချော ထုတ်လုပ်နိုင်သည့်အဆင့် (Value Added Products) များ ထုတ်လုပ်ပြီး စိုက်ပျိုးရေးကို အခြေခံသည့် (Agro Based Industry) ကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးသီးနှံများကို ကုန်ချောအဆင့်ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပဈေးကွက်တွင် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မှသာလျှင် တောင်သူလယ်သမားများအတွက် ရေရှည်ဝင်ငွေနှင့် ဈေးကွက်ကိုခိုင်မာစေပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Agriculture Development) ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ လမ်းညွှန်ချက်နှင့်အညီ လယ်ယာကဏ္ဍကို ပြုပြင်ပြောင်းလဲရေးပြုလုပ်ရာတွင် လက်တွေ့အမှန်တကယ် တိုးတက်အောင်မြင်ရမည်ဟူသော စိတ်ဓာတ်ကောင်းကောင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုအစိုးရကြား ဟန်ချက်ညီစွာ အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများအား တွေ့ဆုံ

နေပြည်တော် မေ ၂၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ဧည့်ခန်း၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ ဝန်ထမ်းများနှင့် ထိစပ်တွေ့ဆုံပြီး လုပ်ငန်းလမ်းညွှန်ပေးရန်၊ အချင်းချင်း အပြန်အလှန်လေးစားရန်၊ နာယကဂုဏ်နှင့် အညီ ကျင့်ကြံလုပ်ကိုင်ပြောဆိုရန်၊ ခေတ်စနစ်နှင့်အညီ အတွေးအခေါ် အယူအဆ ပြောင်းလဲရန်၊ ပါရဂူဘွဲ့သင်တန်းများ အရည်အသွေးမြှင့်ပေးရန်၊ အရည်အသွေးပြည့်မီသော ပါရဂူဘွဲ့ရများကို မွေးထုတ်ပေးရန်၊ ဘက်လိုက်ဆောင်ရွက်မှုမျိုးကို ရှောင်ကြဉ်ရန်၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျသုံးစွဲရန်၊ မိမိတို့၏ လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီပြီးစီးအောင် ဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးစပါး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ပေးအပ်ပွဲအခမ်းအနား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် မေ ၂၂

ရခိုင်ပြည်နယ် ၂၀၁၂ ခုနှစ် မိုးစပါး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က စိုက်ပျိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ ၂၈၀၀ ကီလိုဂရမ်ကို စစ်တွေခရိုင် အုပ်ချုပ်ရေးမှူးသို့လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက စပ်မျိုးစပါးမျိုးစေ့ ၁၀၅၀ ကီလိုဂရမ်ကို မောင်တောခရိုင် အုပ်ချုပ်ရေးမှူးသို့လည်းကောင်း၊ ပြည်နယ်မြေစာရင်းဦးစီးမှူးနှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူးထံ စပ်မျိုးစပါးမျိုးစေ့ ၁၄၀၀ ကီလိုဂရမ်နှင့် သံတွဲခရိုင် အုပ်ချုပ်ရေးမှူးထံ စပ်မျိုးစပါးမျိုးစေ့ ၁၇၅၀ ကီလိုဂရမ်တို့ကို ပေးအပ်ကြသည်။ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့နှင့် ဆန်နမူနာများကို ကြည့်ရှုအားပေးကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

သံတမန်များ ကော့သောင်းမြို့နှင့် ထားဝယ်မြို့တို့သို့ သွားရောက်လေ့လာ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမျိုးမြင့်၊ မြန်မာနိုင်ငံဆိုင်ရာသံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့ ကော့သောင်းမြို့ ဘုရင့်နောင်အငူ၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမျိုးမြင့် ဦးဆောင်၍ မြန်မာနိုင်ငံဆိုင်ရာသံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua နှင့် ဇနီးနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဇနီး/ခင်ပွန်းများပါဝင်သည့် သံတမန်အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် သာယာလှပမှုများကိုကြည့်ရှုလေ့လာရန် မေ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ကော့သောင်းလေဆိပ်သို့ရောက်ရှိကြပြီး တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော သံတမန်အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ပါချန်မြစ်အတွင်း ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့ဝင်များသည် ပိတောက်ရွှေဝါရပ်ကွက်ရှိ ငါးသုံးလုံးတောင်ရှုရပ်မှ ကော့သောင်းမြို့ အလှရှုခင်းနှင့် ပင်လယ်၏ သာယာလှပမှုများကို ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့မှတစ်ဆင့် ကော့သောင်းမြို့ ပြည်တော်အေးစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရင့်နောင်အငူသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပန်းစည်းပေးအပ်

ညပိုင်းတွင် ဒုတိယဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များအား Andaman Club Resort Hotel ၌ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ညစာစားပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာဝင်းအောင်က ဒုတိယဝန်ကြီးနှင့် သံတမန်အဖွဲ့နာယကတို့အား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်သံတမန်အဖွဲ့ နာယကတို့က ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းစည်းပေးအပ်ကြသည်။

ဒုတိယဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် မေ ၂၀ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့မှ ထားဝယ်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိရာ ထားဝယ်လေဆိပ်၌ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ဖျော်ဖြေ

ညပိုင်းတွင် သံတမန်အဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ထားဝယ်ရိုးရာအကအဖွဲ့က ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် သံတမန်အဖွဲ့နာယကတို့က ဖျော်ဖြေရေးအဖွဲ့ဝင်များအား ပန်းစည်းပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သံတမန်လေ့လာရေးအဖွဲ့ နာယကတို့သည် အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ရှင်းလင်းပြောကြား

သံတမန်အဖွဲ့ဝင်များသည် မေ ၂၁ ရက် နံနက်ပိုင်းတွင် Italian Thai Development Public Co., Ltd. က ဆောင်ရွက်လျက်ရှိသော ထားဝယ်အထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် Italian Thai Development Public Co., Ltd. ဥက္ကဋ္ဌ Mr. Premchai Kamasuta တို့က ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားကြပြီး သံတမန်အဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် သံတမန်အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ထားဝယ်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေ ၅ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပါရမီရိပ်သာ သီရိလမ်းနေ အငြိမ်းစားသံအမတ်ကြီး ဦးကိုကိုကြီးနှင့် ဇနီးဒေါ်ရင်ရင်မြတို့၏ (၆၃) နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

သမဝါယမစိုက်ပျိုးရေးနှင့် မွေးမြူရေးရက်တိုသင်တန်းဖွင့်

နေပြည်တော် မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုချုပ်တို့ ကြီးမှူးဖွင့်လှစ်သည့် သမဝါယမစိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်း ၁/၂၀၁၂-၂၀၁၃ သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၉ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး သမဝါယမသင်တန်းကျောင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနဝန်ကြီးက အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန

...ိုး ဒေါက်တာမြဲအေး ...လိပ် ပါမောက္ခချုပ်များ၊ ...များအား တွေ့ဆုံ

မေ ၂၂

...ြဲအေးသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးတက္ကသိုလ် ...းမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ

...းများနှင့် ထိစပ်တွေ့ဆုံပြီး လုပ်ငန်းလမ်းညွှန်ပေးရန်၊ အချင်းချင်း ...ကိုင်ပြောဆိုရန်၊ ခေတ်စနစ်နှင့်အညီ အတွေးအခေါ်အယူအဆ ...ရန်၊ အရည်အသွေးပြည့်မီသော ပါရဂူဘွဲ့ရများကို မွေးထုတ် ...ရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျသုံးစွဲရန်၊ မိမိတို့၏ ...ဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိ (သတင်းစဉ်)



...မျိုးစေ့ပေးအပ်ပွဲအခမ်းအနား ...းချုပ် တက်ရောက်

...ည်နယ်ဝန်ကြီးချုပ်က ...ါး မျိုးစေ့ ၂၈၀၀ ...တွေခရိုင် အုပ်ချုပ် ...ာင်း၊ ပြည်နယ် ...မွေးမြူရေးဝန်ကြီးက ...၀၅၀ ကီလိုဂရမ်ကို ... အုပ်ချုပ်ရေးမှူးသို့ ...ည်နယ်မြေစာရင်း ...ည်နယ်စိုက်ပျိုးရေး ... ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူးထံ စပ်မျိုးစပါးမျိုးစေ့ ၁၄၀၀ ကီလိုဂရမ်နှင့် သံတွဲခရိုင် အုပ်ချုပ်ရေးမှူးထံ စပ်မျိုးစပါးမျိုးစေ့ ၁၇၅၀ ကီလိုဂရမ်တို့ကို ပေးအပ်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲသွယ် စပ်မျိုးစပါးမျိုးစေ့နှင့် ဆန်နမူနာများကို ကြည့်ရှုအားပေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ရခိုင်ပြည်နယ် ၂၀၁၂ခုနှစ် မိုးစပါး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၂

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Ms. Frances A. Zwenig နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဝဲပုံ) (သတင်းစဉ်)

...ပ်လှူဒါန်း

...ဒေသကြီး ရန်ကင်း ...ပ်သာ သီရိလမ်းနေ ...တ်ကြီး ဦးကိုကိုကြီး ...ရင်မြတို့၏ (၆၃) ...လာနှစ်ပတ်လည်နေ့ ...ဝရဆွမ်းပဒေသာပင် ...သိန်းကို နှင်းဆီကုန်း ...မှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ... ကျော်ရှိန် (ငြိမ်း)ထံ ...ဉ်။ (ဘိုးဘွားရိပ်သာ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	သတ္တဌာန(ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
၇း၂၅	ကျန်းမာဖို့အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ

ညပိုင်း

၄း၃၀	**ဖွားချီ** စံရှားတင်၊ဝါးခယ်မရဲမောင် ဒါရိုက်တာ-ခင်ဇော်(ကေသီပန်)
၄း၅၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
၅း၀၀	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀	သီချင်းကြီးပဒေသာ
၅း၃၀	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၄၀	ကလေးများဦးဆောင်ပါဝင်သော ကွင်းဆင်းလေ့လာမှုမှတ်တမ်း မိတ်ဆက်ရှင်းလင်းပွဲ
၆း၀၀	ညနေခင်းသတင်း
၆း၀၅	မိုးလေဝသအခြေအနေ
၆း၂၀	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၃၅	ရွှေရင်ခုန်သံ
၇း၀၅	လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်
၈း၀၀	ပြည်တွင်းသတင်း
	- နိုင်ငံတကာသတင်းများ
	- မိုးလေဝသအခြေအနေ

...သမဝါယမစိုက်ပျိုးရေးနှင့် ...မွေးမြူရေးရက်တိုသင်တန်းဖွင့်

... မေ ၂၂

...းဒေသကြီး သမ... သမဝါယမအသင်းစု...စ်သည့် သမဝါယမ...မွေးမြူရေးသင်တန်း...သင်တန်းဖွင့်ပွဲအခမ်း...က် နံနက် ၉ နာရီခွဲ...ဒေသကြီး သမဝါယမ... ကျင်းပသည်။

...ပြောကြား

...တွင် ဧရာဝတီတိုင်း...နှင့်စီးပွားရေးဝန်ကြီး...မှာစကားပြောကြား

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများ၊ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး သမဝါယမသင်တန်းကျောင်း ကျောင်းအုပ်နှင့် သင်တန်းဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ သင်တန်းသား ၅၂ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။

(သ/မဦးစီးဌာန)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

နိုင်ငံတော်နဲ့ ပြည်သူ့မျက်နှာ ကြည့်ကြဖို့လိုပြီ

မောင်စေတနာ

အလုပ်ရှင် အလုပ်သမား အငြင်းပွားမှုဆိုတာ နိုင်ငံတိုင်းမှာရှိကြပါတယ်။ ဒါတွေကို စနစ်တကျဖြေရှင်းဖို့အတွက်လည်း အငြင်းပွားမှု ဖြေရှင်းရေးဥပဒေများကို မိမိနိုင်ငံရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေ ပြဋ္ဌာန်းလေ့ရှိကြပါတယ်။ မြန်မာနိုင်ငံမှာလည်း အလုပ်သမားများရဲ့အကျိုးကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ဖို့ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျဖွဲ့စည်းနိုင်ရန် အလုပ်သမားအဖွဲ့အစည်းများဥပဒေကို ၂၀၁၁ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး အလုပ်သမားရေးရာအငြင်းပွားမှုများ ဖြစ်ပေါ်လာခဲ့ရင် တရားနည်းလမ်းတကျ ဖြေရှင်းနိုင်ဖို့အတွက် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ၂၀၁၂ ခုနှစ် မတ်လ ၂၈ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။

ဒီဥပဒေနဲ့ နည်းဥပဒေတွေကို နိုင်ငံတကာလက်ခံထားတဲ့ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနဲ့အညီ ရေးဆွဲခဲ့တာဖြစ်ပြီး ပြည်သူတွေက ရွေးချယ်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက် ထောက်ခံလျက် ပြဋ္ဌာန်းခဲ့ခြင်းပဲဖြစ်ပါတယ်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၀ မှာ "မည်သူမျှ အငြင်းပွားမှုတစ်ခုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုဘဲ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းမပြုရ" လို့ ဖော်ပြထားပါတယ်။ ဒီဖော်ပြချက်အရ အလုပ်ရှင်များဟာ မိမိစိတ်ထင်တိုင်း အလုပ်ပိတ်လို့မရသလို အလုပ်သမားများကလည်း မိမိတို့အခက်အခဲတွေ၊ တောင်းဆိုလိုတဲ့အချက်တွေကို ပထမဦးစွာ စက်ရုံ၊ အလုပ်ရုံမှာ အလုပ်ရှင် ဒါမှမဟုတ် အလုပ်ရှင်ကတာဝန်ပေးထားတဲ့ စီမံခန့်ခွဲသူတွေနဲ့ ဆွေးနွေးညှိနှိုင်းရပါမယ်။

ဒီလိုညှိနှိုင်းဖြေရှင်းလို့မှ ကျေနပ်မှုမရှိခဲ့ရင် မြို့နယ်အဆင့်အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံတင်ပြပြီး ဖျန်ဖြေမှုကို ခံယူရမှာဖြစ်ပါတယ်။ ဒီအဖွဲ့ရဲ့ ညှိနှိုင်းပေးမှုကို မကျေနပ်သေးရင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ခုံသမာဓိအဖွဲ့ကိုတင်ပြပြီး အဆုံးအဖြတ်ကိုခံယူရမှာဖြစ်ပါတယ်။

ဒီလိုအဆင့်သုံးဆင့် တင်ပြညှိနှိုင်းပြီးသော်လည်း မိမိတို့လိုလားချက် ပြည့်မီခြင်းမရှိမှသာ သပိတ်မှောက်ခြင်း သို့မဟုတ် အလုပ်ပိတ်ခြင်းတို့ကို ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဒီလိုစနစ်တကျ အဆင့်သုံးဆင့်ကို ဆောင်ရွက်ခြင်းမပြုဘဲ သပိတ်မှောက်မယ်ဆိုရင် ဥပဒေနှင့်ဆန့်ကျင်တဲ့ တရားမဝင်သပိတ်မှောက်မှုဖြစ်သွားနိုင်ပြီး တည်ဆဲဥပဒေအရ အရေးယူခြင်းခံရနိုင်ပါတယ်။

အလုပ်သမားအဖွဲ့အစည်း ဥပဒေပုဒ်မ ၄၂ မှာလည်း "ဥပဒေနှင့်ဆန့်ကျင်သော အလုပ်ပိတ်ခြင်း သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သော သပိတ်မှောက်ခြင်းဖြစ်ပါက တည်ဆဲဥပဒေနှင့်အညီ တားဆီးနိုင်သည်"လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် ဥပဒေနဲ့ဆန့်ကျင်တဲ့ သပိတ်မှောက်မှုတွေ မပြုလုပ်မိဖို့ လိုအပ်ပါတယ်။

ဒါ့အပြင် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၅၄ မှာ "သပိတ်မှောက်ခြင်းသည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်အား ခေတ္တရပ်ဆိုင်းစေခြင်းဖြစ်၍ ထိုကာလအတွင်း အလုပ်ရှင်ကသပိတ်မှောက်သည့် အလုပ်သမားအား လစာစရိတ်ပေးရန် တာဝန်မရှိစေရ"လို့ ဖော်ပြထားတဲ့အတွက် သပိတ်မှောက်သည့်ကာလအတွင်းမှာ အလုပ်သမားများဟာ လုပ်ခလစာရရှိနိုင်လိမ့်မယ်လို့ မမျှော်လင့်နိုင်ဘူးဆိုတာ နားလည်သဘောပေါက်ထားကြဖို့ လိုအပ်ပါမယ်။

ခုအချိန်မှာတော့ အဆိုပါ ဥပဒေနှစ်ရပ်ဟာ သက်တမ်းမကြာမြင့်သေးတာ တစ်ကြောင်း၊ အလုပ်သမားများကလည်း ဥပဒေပါဖော်ပြချက်များကို နားလည်သဘောပေါက်မှုအားနည်းနေသေးတာကြောင့်တစ်ကြောင်း၊ ယခင်ကာလများက ကျင့်သုံးမှုများအတိုင်း မိမိစိတ်ဆန္ဒရှိသလို စုဝေးဆန္ဒပြခြင်းများကို လုပ်ဆောင်နေကြတာဖြစ်တဲ့အတွက် ဥပဒေကို သိရှိနားလည်အောင် အသိပညာပေးနေတဲ့ကာလလို့ သတ်မှတ်ပြီး ဆက်လက်အသိပညာပေးနေရမှာ ဖြစ်ပါတယ်။

ဒီအခြေအနေမှာ ဥပဒေကို မသိနားမလည်သေးမှုအပေါ် စေတနာကောင်းဖြင့် ထိန်းသိမ်းပညာပေးပြီး အခြေအနေအရပ်ရပ်ကို ဥပဒေလမ်းကြောင်းပေါ်ကို တင်ပေးရမယ့်အစား နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနဲ့ လူပုဂ္ဂိုလ်အချို့ဟာ တလွဲနည်းလမ်းတွေနဲ့ စည်းရုံးလှုံ့ဆော်မှုပြုနေကြတာကို စိတ်မကောင်းစရာ တွေ့မြင်နေရပါတယ်။

ခုအချိန်ဟာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေတဲ့အချိန်ဖြစ်ပါတယ်။ လူတိုင်းမှာ ဒီမိုကရေစီ အခွင့်အရေးတွေ ညီတူညီမျှ ရှိနေကြပါတယ်။ လူတစ်စု လူတစ်ဖွဲ့ရဲ့ အလျှင်လိုသော ဆန္ဒသဘောထားဖြင့် တရားဥပဒေလုပ်ထုံးလုပ်နည်းများကို ရှောင်လွှဲတဲ့ကြိုးပမ်းအားထုတ်မှုမှန်သမျှဟာ ဒီမိုကရေစီနည်းလမ်းမကျဘူးဆိုတာကို ကောင်းစွာနားလည်သဘောပေါက်ထားကြဖို့ လိုအပ်ပါတယ်။

ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ တရားဥပဒေစိုးမိုးရေး မရှိလို့မဖြစ်ဘူးဆိုတာ လူတိုင်းသိကြပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာ လူတစ်ဦးချင်းစီရဲ့ လွတ်လပ်ခွင့်နဲ့ ဒီမိုကရေစီအတွက်ပါ အရေးကြီးတဲ့ အုတ်မြစ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် တရားဥပဒေစိုးမိုးရေးအတွက် လူထုလူတန်းစားအားလုံး ဥပဒေနဲ့အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

အခက်အခဲတွေတင်ပြလိုကြတဲ့ အလုပ်သမားများကို စိတ်ရင်းစေတနာမှန်နဲ့ ကူညီလိုတဲ့အဖွဲ့အစည်းများဟာလည်း မိမိတို့အဖွဲ့အစည်းဟာ တရားဝင်မှတ်ပုံတင်ခြင်းမပြုရသေးရင် ဥပဒေနဲ့အညီ တရားဝင်မှတ်ပုံတင်ပြီးမှသာ လိုအပ်တဲ့ အကူအညီများကို တရားဝင်ပေးကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာဖို့ လိုအပ်ပါတယ်။ ဒါမှသာ အလုပ်လုပ်ကိုင်နိုင်တဲ့ ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ ပိုမိုတိုးတက်ဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။

ဥပဒေနဲ့မညီတဲ့ ဆန္ဒပြမှုတွေကြောင့်တစ်ကြောင်း၊ အလုပ်ရှင်အတွက် အကျပ်အတည်းဖြစ်စေတဲ့ တောင်းဆိုမှုတွေကြောင့်တစ်ကြောင်း အလုပ်ရှင်က လိုက်လျောရန်ခက်ခဲလွန်းတဲ့အတွက် စက်ရုံ၊ အလုပ်ရုံကို ပိတ်သိမ်းလိုက်မယ်ဆိုရင် ဆန္ဒပြအလုပ်သမားများဟာ အလုပ်လက်မဲ့ဖြစ်ပြီး လက်ရှိအခြေအနေထက် ပိုမိုအခက်အခဲတွေ တွေ့လာနိုင်တယ်ဆိုတာကိုလည်း မျှော်တွေးကြဖို့လိုပါမယ်။

ဒါကြောင့် နိုင်ငံတော်နဲ့ပြည်သူတွေရဲ့မျက်နှာကို ထောက်ထားပြီး အလုပ်ရှင်များကလည်း တည်ဆဲဥပဒေများနဲ့အညီ အလုပ်သမားများကို တာဝန်နှင့်အခွင့်အရေးများ ဖြည့်ဆည်းပေးကြဖို့လိုအပ်သလို အလုပ်သမားများကလည်း တည်ဆဲ အလုပ်သမားဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ နည်းလမ်းတကျ အရေးဆိုခြင်းများပြုလုပ်ကြရန် လိုအပ်ကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းလိုက်ရပါတယ်။ ။

TIGER MYANMAR AMATEUR OPEN GOLF CHAMPIONSHIP 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ MYANMAR BREWERY LTD. က အဓိကကူညီပံ့ပိုးသည့် TIGER MYANMAR AMATEUR OPEN GOLF CHAMPIONSHIP 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ် တည်ငင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အပျော်တမ်းအဆင့်ပြိုင်ပွဲ (H' CAP 0-12) အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲကို R & A RULES LIMITED (ST. ANDREW) ဂေါက်စည်းမျဉ်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် ဂေါက်သီးအားကစားသမားများသည် အမည်စာရင်းနှင့် တစ်ဦးလျှင် ပြိုင်ပွဲဝင်ကြေး ငွေကျပ်နှစ်သောင်းကို ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို (HAN EVENT MANAGEMENT) ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄နှင့် ၀၉-၄၉၁၀၂၀၀၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ (၂၅) ရက် မှ (၃၁) ရက်ထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီ၊ ဘုရားများ ပြုပြင်မွမ်းမံရန် အလှူရှင်များပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီ၊ ဘုရားများဖြစ်သည့် ဘုရားအမှတ် ၈၅၅၊ ၁၄၆၂၊ ၁၉၈၃၊ ၁၂၉၀၊ ၁၁၀၊ ၁၆၈၆၊ ၁၂၈၈၊ ၁၄၃၃၊ ၁၆၀၂၊ ၉၉၅၊ ၁၄၉၃၊ ၁၄၉၈၊ ၁၂၁၉၊ ၁၃၉၁ တို့တွင် အလှူရှင်များ လှူဒါန်းပြီးခဲ့သည့် အစိတ်အပိုင်းများမဟုတ်သော အခြားအစိတ်အပိုင်းများမှာ ရာသီဥတုကြောင့် လတ်တလောပြုပြင်မွမ်းမံရန် လိုအပ်နေပြီး အချိန်မီပြုပြင်နိုင်ခြင်းမရှိပါက စေတီ၊ ဘုရားအား ထိခိုက်ပျက်စီးစေနိုင်ပါသည်။

အဆိုပါ စေတီ၊ ဘုရားများအား မူလအလှူရှင်များက ဆက်လက်ပြုပြင်ထိန်းသိမ်းလိုပါက မေ ၃၁ ရက် နောက်ဆုံးထား၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက ဦးစီးဌာနအစီအစဉ်ဖြင့် အခြားလှူဒါန်းလိုသူများကို နှီးဆော်ဆက်သွယ်၍ ပြုပြင်မွမ်းမံသွားမည်ဖြစ်ပြီး ထပ်မံလှူဒါန်းသည့် အလှူရှင်၏ ကမ္ပည်းကျောက်စာကို မူလကမ္ပည်းကျောက်စာနှင့် ယှဉ်တွဲစိုက်ထူပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၂၇၊ ၀၆၇-၄၀၈၀၄၀၊ ၀၁-၅၁၅၀၅၄၊ ၀၁-၅၁၅၀၇၄၊ ၀၆၁-၆၀၂၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန

မြန်မာမှ ကမ္ဘာအနှံ့ပျံ့လွှင့်တော့မည့် ဆီးဂိမ်းအကြိုလှုံ့ဆော်တေးများ ထုတ်လွှင့်တော့မည်

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် မေ ၂၂

အွာ. . အေ့. . အွာအေ့အို. . ၊ အွာ. . အေ့. . အွာအေ့အိုဟူသော သံစဉ်တေးသွားကို ပွဲတင်ထပ် ကြားယောင်မိနေဆဲ၊ ခေတ်မီအီလက်ထရွန်နစ် တူရိယာများကို မြူးမြူးကြွကြွ တီးခတ်ထားသဖြင့် စိတ်နှလုံးကို သိမ်းကျုံး ဆွဲယူဖမ်းစားနိုင်မှုက အပြည့်။ (၂၆)ကြိမ်မြောက် အင်ဒိုနီးရှားဆီးဂိမ်းပွဲတော်၌ ဤသီချင်းက နေရာတိုင်းပျံ့လွင့် လွှမ်းမိုးနိုင်ခဲ့သည်။

အားကစားပြိုင်ပွဲဝင် ခန်းမများ၌လည်း အင်ဒိုနီးရှား ကျောင်းသားကျောင်းသူလေးများက ဤသီချင်းကို သံပြိုင်သီဆိုရင်း ခန္ဓာကိုယ်လေးများ ဘယ်ညာယိမ်းကာ သီချင်းပြီးဆုံးသည်နှင့် အင်. . ဒို. . နီး. . ရှား ဟုသံပြိုင်ဟစ်ကြွေး အားပေးခဲ့ကြမှုဟန်များကို မြင်ယောင်နေမိသည်။ ဤမျှအထိ ဆီးဂိမ်းလှုံ့ဆော် တေးသီချင်းက ရေပန်းစားအောင်မြင်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံ၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အစစအရာရာဘက်ပေါင်းစုံမှ ပြင်ဆင်နေကြပြီဖြစ်သည်။ ထိုသို့ပြင်ဆင်ရာတွင် အိမ်ရှင် မြန်မာပရိသတ်များသာမက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပရိသတ်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ စိတ်ဓာတ်တက်ကြွစေရန်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတေးသီချင်းအတွက် အားကစားသမား လူငယ်မောင်မယ်များ ဤသို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

ပြိုင်ပွဲဝင်လှုံ့ဆော်တေးများ စိစစ်ရွေးချယ်ပြီးဖြစ်ရာ မကြာမီထုတ်လွှင့်ပြသတော့မည်ဖြစ်သည်။ ပြည်သူများ နားဆင်ကြည့်ရှုကြရတော့မည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုလှုံ့ဆော်တေးများအတွက် မြန်မာတစ်နိုင်ငံလုံးမှ အနုပညာရှင်များပါဝင်သင့်သည်ဟူသော ခံယူချက်ဖြင့် အကြိုလှုံ့ဆော်ရေး သီချင်းများ စိစစ်ရွေးချယ်ဖန်တီးရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းကာ တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ထိုကော်မတီတွင် မြင့်မိုးအောင် (ဥက္ကဋ္ဌ)၊ ကေတုဝင်းထွန်း(ဒုတိယဥက္ကဋ္ဌ)၊ မိုးအောင်ဆွေ(အတွင်းရေးမှူး)၊ မိုးနိုင်(ဂီတမိတ်)တို့ဖြစ်ပြီး အဖွဲ့ဝင်များအဖြစ် သန်းမြတ်စိုး၊ ရွှေကျော်ကျော်၊ ဇဝါ၊ မြန်မာပြည်ကျောက်စိမ်း၊ ဓီရာမိုရ်၊ ဒီဂျေဝိုင်၊ အယ်လ်ခွန်းရီ၊ နွဲ့ယဉ်ဝင်းနှင့် ခင်မြတ်မွန်တို့ ပါဝင်ခဲ့ကြသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အကြိုလှုံ့ဆော်တေးများ ပါဝင်ရေးသားရန် ကော်မတီက မြန်မာတစ်နိုင်ငံလုံးသို့ ဖိတ်ခေါ်ခဲ့ရာ စုစုပေါင်းသီချင်း ၉၃ ပုဒ်ပါဝင်ယှဉ်ပြိုင်ရေးသားပေးပို့ခဲ့ကြသည်။ သီချင်း ၉၃ ပုဒ်ထဲမှ အကောင်းဆုံး သီချင်းငါးပုဒ်ကို ကော်မတီ၏ အဆုံးအဖြတ်ဖြင့် ရွေးချယ်ခဲ့ကြသည်။ ထိုသို့ ရွေးချယ်ရာတွင် ကော်မတီက အကြိမ်ကြိမ် ဆွေးနွေးဆုံးဖြတ်ပြီးမှ ရွေးချယ်ခဲ့ခြင်းလည်း ဖြစ်သည်။

ယင်းသီချင်းငါးပုဒ်မှာ တေးရေး လင်းထက်၏ ***'လှပတဲ့ အားကစားရောင်စုံ ဥယျာဉ်'***၊ တေးရေး ဆလိုင်းနေလင်း၏ ***'ဖိတ်ခေါ်ပြီ'***၊ တေးရေး အောင်နိုင်စန်း၏ **'Win The Day'**၊ တေးရေးမိုးသစ်၏ ***'ရွှေရောင်လက်ခုပ်သံ'***၊ တေးရေးမဖြိုး အောင်ကျော်၏ **'We Love Sea Games'** တို့ဖြစ်သည်။

ရွေးချယ်ထားသည့် ဆီးဂိမ်းအကြိုလှုံ့ဆော်တေးငါးပုဒ်ကို Music Producer အဖွဲ့ငါးဖွဲ့ဖြင့် တွဲဖက်ကာ တေးဂီတသံစဉ်များ တီးခတ်လျက်ရှိသည်။ ယင်း Music Producer ငါးဖွဲ့မှာ ***'လှပတဲ့ အားကစားရောင်စုံ ဥယျာဉ်'*** တေးသီချင်းအတွက် ဓီရာမိုရ်နှင့် မိုးနိုင်(ဂီတမိတ်)၊ ***'ဖိတ်ခေါ်ပြီ'*** တေးသီချင်းအတွက် ဇဝါ၊ **'Win The Day'** တေးသီချင်းအတွက် ဒီဂျေဝိုင်၊ ***'ရွှေရောင်လက်ခုပ်သံ'*** သီချင်းအတွက် ရွှေကျော်ကျော်၊ **'We Love Sea Games'** သီချင်းအတွက် မြင့်မိုးအောင်တို့အား တာဝန်ယူစေခဲ့သည်။

တေးသီချင်းအလိုက် မြန်မာလိုနှင့် အင်္ဂလိပ်လိုသီဆိုရန် သီချင်းနှင့်လိုက်ဖက်သည့် အဆိုတော်များကို ကော်မတီက ရွေးချယ်ခဲ့ရာတွင် ***'လှပတဲ့အားကစားရောင်စုံဥယျာဉ်'*** တေးသီချင်းကို

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတေးသီချင်းအတွက် အားကစားသမားများ ဤသို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

မြန်မာလိုသီဆိုရန် အဆိုတော် ထူးအယ်လင်းနှင့် ဆုန်သင်းပါရ်တို့ကို ရွေးချယ်သီဆိုစေခဲ့သည်။ ယင်းသီချင်းကို အင်္ဂလိပ်လိုသီဆိုရန်အတွက် အဆိုတော် Lလွှန်းဝါနှင့် လေးလေးဝါးတို့ကို ရွေးချယ်သီဆိုစေခဲ့သည်။

ထို့အတူ ***'ဖိတ်ခေါ်ပြီ'*** တေးသီချင်းကိုသီဆိုရန် အဆိုတော် Rဇာနည်နှင့် Lဆိုင်းဇီတို့ကို ရွေးချယ်သီဆိုစေခဲ့သည်။ တစ်ဖန် **'Win The Day'** သီချင်းအတွက် အင်္ဂလိပ်လိုသီဆိုရန် အဆိုတော် နီနီခင်ဇော်အား ရွေးချယ်သီဆိုစေခဲ့သည်။ ထို့အပြင် ***'ရွှေရောင်လက်ခုပ်သံ'*** သီချင်းကို သီဆိုရန် အဆိုတော်ဇော်ပိုင်နှင့် ရေဗက္ကာဝင်းတို့ကို တာဝန်ပေးသီဆိုစေခဲ့ပြီး **'We Love Sea Games'** သီချင်းအတွက် အင်္ဂလိပ်လို သီဆိုရန် အဆိုတော်ချမ်းချမ်းကို သီဆိုစေခဲ့သည်။

ရွေးချယ်ထားသည့် သီချင်းငါးပုဒ်ကို သီဆို၊ တီးခတ်၊ အသံသွင်းခြင်းနှင့် သရုပ်ဖော်ရိုက်ကူးခြင်းများ ပြုလုပ်နေကြပြီဖြစ်သည်။ တေးသီချင်းအားလုံးမှာ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပမှုကို ထင်ဟပ်စေသည့် မြူးမြူးကြွကြွ စိတ်ဓာတ်တက်ကြွဖွယ်ရာ သီချင်းများချည်းဖြစ်သည်။

ရွေးချယ်သီဆို၊ တီးခတ်ထားသည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းအကြိုလှုံ့ဆော်တေးများကို တေးသီချင်း တစ်ပုဒ်ချင်း အလိုက် ဒါရိုက်တာများက သရုပ်ဖော် ရိုက်ကူးလျက်ရှိနေကြပြီဖြစ်သည်။ ထိုသို့ ရိုက်ကူးရာတွင် ***'လှပတဲ့ အားကစားရောင်စုံဥယျာဉ်'*** သီချင်းကို ဒါရိုက်တာ ဆိုင်မွန်၊ ***'ဖိတ်ခေါ်ပြီ'*** သီချင်းကို ဒါရိုက်တာဇော်ကိုကို၊ **'Win The Day'** သီချင်းကို ဒါရိုက်တာ ဝဏ္ဏကျော်၊ ***'ရွှေရောင်လက်ခုပ်သံ'*** သီချင်းကို ဒါရိုက်တာဏကြီးနှင့် **'We Love Sea Games'** သီချင်းကို ဟသ်ာမီဒီယာတို့က ရိုက်ကူးနေကြပြီဖြစ်သည်။

ထိုသို့တေးသီချင်းအလိုက် သရုပ်ဖော်ရိုက်ကူးရာတွင် အားကစားသမားများ၊ ပရိသတ်များ၊ အဆိုတော်များနှင့်အတူ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ငွေဆောင်ကမ်းခြေစသည့် မြန်မာနိုင်ငံတစ်ဝန်း လှပသည့်ရိုက်ကွင်းများတွင် သွားရောက် ရိုက်ကူးနေကြပြီဖြစ်သည်။

ဖန်တီးနေ

ပြိုင်ပွဲအကြို လှုံ့ဆော်ရေး တေးသီချင်းငါးပုဒ်ကို မကြာမီကာလအတွင်း စတင်ကာ မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်မြင်သံကြားလိုင်းများမှ ထုတ်လွှင့်တော့မည်ဖြစ်ရာ ၎င်းသီချင်းငါးပုဒ်အပြင် ကော်မတီမှ မြန်မာနိုင်ငံရှိ အကျော်ကြားဆုံး အနုပညာရှင်များအား (၂၇)ကြိမ်မြောက် ဆီးဂိမ်းအကြို လှုံ့ဆော်တေးသီချင်းများ ထပ်မံ၍ အကူအညီတောင်းခံထားရာ အကောင်းဆုံးသီချင်းများအဖြစ် ဖန်တီးနေကြသည့်အတွက် အကောင်းဆုံးတေးသီချင်း ထပ်မံပေါ်ထွက်လာဦးမည်ဖြစ်သည်။

အားလုံးကလည်း စိတ်အားထက်သန်စွာ ဝိုင်းဝန်းကူညီလျက်ရှိကြသည်။

ထို့ကြောင့် မကြာမီကာလ မြန်မာအနုပညာရှင်တို့၏ အကောင်းဆုံးရေးဖွဲ့ခြယ်မှုန်းထားသည့် ရင်ခုန်လှိုက်မောဖွယ်ရာ ဆီးဂိမ်းအကြို လှုံ့ဆော်တေးသီချင်းများကို ရှုမြင်ခံစားနားဆင်နိုင်ကြတော့မည်ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ရန်ကုန်မြို့တော်ရှိ ခုံးကျော်တံတားစီမံချက်များတွင် တာမွေအဝိုင်းထိပ်စီမံကိန်း မပါရှိ

ခင်ရတနာ ➤ ရေးသားသည်

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တည်ဆောက်ရန်လျာထားခဲ့သည့် ခုံးကျော်တံတားစီမံကိန်းများ၌ လက်ရှိတွင် တာမွေအဝိုင်းထိပ်တွင် ခုံးကျော်တံတား တည်ဆောက်မည့်အစီအစဉ် ပါဝင်ခြင်းမရှိတော့ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်။

"တံတားက လေးစင်းတည်ဆောက်မယ်လို့ လျာထားခဲ့ပေမယ့် လက်ရှိမှာတော့ လှည်းတန်းခုံးကျော်တံတားတစ်ခုကို လုပ်ငန်းဆောင်ရွက်မှုတွေ စလုပ်နေပြီး ဘတ်ဂျက်အခြေအနေအရ သုံးခုလုံးပြီးစီးဖို့ကို ၂၀၁၅ ခုနှစ်အတွင်းလို့ သတ်မှတ်ထားပါတယ်။ မကြာခင်မှာပဲ ရွှေဂုံတိုင်နဲ့ မြေနီကုန်းတွေမှာလည်း တည်ဆောက်နိုင်အောင် ကြိုးစားနေပါတယ်။ တာမွေအဝိုင်းထိပ်အတွက်ကတော့ မဖြစ်မနေ လိုအပ်လာပြီဆိုရင်တော့ ဆောက်မှာပါ။ လက်ရှိမှာတော့ တည်ဆောက်ရေးစီမံကိန်းထဲမှာ မပါတော့ပါဘူး"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားအင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေကြားသည်။

အဆိုပါစီမံကိန်းများအား ပြီးခဲ့သည့်နှစ်ကုန်ပိုင်းကာလများက စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကာ လက်ရှိတွင် လှည်းတန်းခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်လျက်ရှိနေပြီဖြစ်သည်။

ယင်းသို့ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနှင့် လိုအပ်ချက်များကြောင့် မဖြစ်မနေ တည်ဆောက်ပေးရခြင်းဖြစ်ကာ အဆိုပါဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကြေးကုန်ကျမှုများအား ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

"ကျွန်တော်တို့က သေသေချာချာကွင်းဆင်းပြီး လေ့လာခဲ့ပါတယ်။ တာမွေအဝိုင်းထိပ်က ခုံးကျော်တံတားဆောက်ရင် ပိုပြီးအဆင်ပြေပြေနဲ့ သွားလာနိုင်ပေမယ့် အခုလက်ရှိမှာလည်း မဆောက်လုပ်လို့ဖြစ်နေသေးတဲ့ အနေအထားရှိပါတယ်"ဟု တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

တာမွေအဝိုင်းထိပ်သည် ဗညားဒလလမ်း၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေလမ်းနှင့် ရွှေဂုံတိုင်လမ်းတို့ ပေါင်းဆုံထားသည့် မီးပွိုင့်နေရာတစ်ခုဖြစ်ကာ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုကျော်က ယာဉ်ကြောများ မောင်းနှင်မှု လွယ်ကူစေရန် အဝိုင်းပြုလုပ်ထားခဲ့ခြင်းဖြစ်သောကြောင့် တာမွေအဝိုင်းထိပ်ဟု ယနေ့အထိသုံးစွဲနေကြခြင်းဖြစ်ကာ ဒဂုံမြို့သစ်၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ရန်ကင်းမြို့နယ်များမှ မြို့လယ်သို့ သွားရောက်သူများ အများဆုံးအသုံးပြုလျက်ရှိခြင်း၊ ခရီးသည်တင် ဘတ်စ်ကားလိုင်းများ ပေါများခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ နေ့စဉ်ဖြစ်ပေါ်လျက်ရှိကြောင်း အနီးအနားတွင် နေထိုင်သူများကဆိုသည်။

"ခုံးကျော်တံတားဆောက်မယ်ဆိုလို့ အနီးအနားအိမ်ဈေးတွေ အရမ်းကို ပြောင်းလဲသွားခဲ့တယ်။ လမ်းမတန်းတွေဆို ဝယ်သူတောင်မရှိတော့ဘူး။ အိမ်ဈေးတွေတော့ ပြန်တက်လာတော့မယ်နဲ့တူပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် တာမွေအဝိုင်းထိပ်က ကားပိတ်ဆို့တယ်ဆိုပေမယ့် လမ်းမကြီးငါးခုလုံးပိတ်တာတော့မဟုတ်ပါဘူး။ အဓိကက မီးပွိုင့်ကနေ ဖိုးစိန်လမ်းလောက်အထိ တာမွေလမ်းတစ်လျှောက်လောက်ပဲအများဆုံးပိတ်တာ။ ကျန်တဲ့လမ်းကြောတွေက အမြဲမပိတ်ပါဘူး။ လှည်းတန်းတို့၊ ရွှေဂုံတိုင်တို့ဆိုရင် ငါးဖက်ငါးတန်အားလုံး ယာဉ်တွေပိတ်တာနဲ့ယှဉ်လိုက်ရင် တာမွေခုံးကျော်တံတားမလုပ်လည်း ရနိုင်ပါသေးတယ်။ မြေနေရာတွေ ဘာတွေတောင် လာတိုင်းသွားပြီးမှ မလုပ်ဖြစ်တော့လို့ အံ့သြနေကြတာ"ဟု တာမွေအဝိုင်းထိပ်အနီး နေထိုင်သူတစ်ဦးက ပြောကြားသည်။ ။

ဟောပြောဆွေးနွေး

လှိုင်မြို့နယ် အမှတ် (၁၂) ရပ်ကွက်တွင် မေ ၁၇ ရက်က မူခင်းလျှော့နည်းကျဆင်းရေးလုပ်ငန်းစဉ် (၅)ရပ် ပညာပေးဟောပြောပွဲကျင်းပရာ လှိုင်မြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်သန်းဝင်း ဟောပြောဆွေးနွေးစဉ်။ (၁၂၂)

အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ

မောင်ချစ်ကြည်-စုစည်းသည်



နေကြတ်မှုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုသိရှိရန် နာဆာမှ အာကာသယာဉ်လွှတ်တင်လေ့လာမည်

ဝါရှင်တန် မေ ၂၂

နေကြတ်မှုဖြစ်ပေါ်ခြင်းကို နာဆာက အာကာသခရီးစဉ်တစ်ခုစေလွှတ်ကာ အနီးကပ်လေ့လာသွားမည်ဖြစ်ကြောင်း၊ နေကြတ်မှုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို လေ့လာသိရှိနိုင်ရန်အတွက်ဖြစ်ကြောင်း မေ ၂၁ ရက်က သတင်းထုတ်ပြန်သည်။ **(အေပီပုံ)**

မေ ၂၀ ရက် နံနက်က နေကြတ်ခြင်းဖြစ်ပေါ်ခဲ့ရာ အာရှနှင့် ပစိဖိတ်ဒေသ နိုင်ငံအများအပြားက ထင်ထင်ရှားရှားမြင်တွေ့ခဲ့ကြရသည်။ အထူးသဖြင့် အရှေ့ အာရှ ပစိဖိတ်ဒေသမြောက်ပိုင်း၊ ဂရင်းလန်းနှင့် မြောက်အမေရိကဒေသတို့မှ ထူးခြားစွာ မြင်တွေ့ခဲ့ကြရသည်။

နေကြတ်ခြင်းဖြစ်ပေါ်နေချိန်တွင် ကမ္ဘာဂြိုဟ်ပေါ်သို့ သက်ရောက်သော အလင်းတန်းများသည် ဆိုးကျိုးထက် ကောင်းကျိုးသက်ရောက်မှုများရှိနိုင်သည်ကို နာဆာသိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

ထို့ကြောင့် နာဆာနှင့် ဥရောပအာကာသအေဂျင်စီတို့ပူးပေါင်းကာ နေကြတ်မှုဖြစ်ပေါ်ချိန်၌ အာကာသယာဉ် သို့မဟုတ် ဂြိုဟ်တုကိုစေလွှတ်ပြီး အနီးကပ်လေ့လာ သုတေသနပြုမှုများ လုပ်ဆောင်ကြမည်ဖြစ်သည်။ နာဆာမှ အာကာသသိပ္ပံပညာရှင်များ တွက်ချက်ထားမှုအရ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၃ ရက်၌ နောက်ထပ်နေကြတ်မှုတစ်ကြိမ် ယခုနှစ်အတွင်း ထပ်မံဖြစ်ပေါ်မည်ဖြစ်သည်။

ထိုသို့ဖြစ်ပေါ်ရာတွင် ထူးခြားမှုဂုဏ်သတ္တိများ ကမ္ဘာဂြိုဟ်တွင် သက်ရောက်မှု ရှိ မရှိကို အနီးကပ်လေ့လာသုတေသနပြုနိုင်ရန် လေ့လာရေးယာဉ်ကို လွှတ်တင်ရန် စီစဉ်နေခြင်းဖြစ်သည်။ နေကြတ်စဉ်၌ ထွက်ပေါ်လာသော ရောင်ခြည်များသည် ကမ္ဘာမြေ၊ လေနှင့် ရေထုများ၊ သစ်ပင်နှင့် သတ္တဝါများအပေါ် မည်မျှအထိ အကျိုးသက်ရောက်သည်ကို လေ့လာသုတေသနပြုသွားမည်ဖြစ်သည်။ **(အင်တာနက်)**

အာကာသအတွင်း အလွန်သက်တမ်းရင့်သော ကြယ်တာရာလေးများ ရှာဖွေတွေ့ရှိ



နယူးယောက် မေ ၂၂

အာကာသအတွင်း အလွန်သက်တမ်းရင့်ပြီး သေးငယ်သည့်ကြယ်တာရာလေးများကို အမေရိကန်အာကာသသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။ ***(ယာပုံ)***

၎င်းကြယ်တာရာလေးများသည် အာကာသအတွင်း လွန်ခဲ့သည့်နှစ်ပေါင်း ၁၂ ဘီလီယံကျော်ကတည်းက ဖြစ်တည်နေခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်အာကာသသုတေသနပညာရှင်များက ပြောကြားသည်။

အချို့သောကြယ်တာရာလေးများသည် အာကာသအတွင်း လွန်ခဲ့သည့်နှစ်ပေါင်း ၁၃ ဒသမ ၇ ဘီလီယံခန့်ကတည်းက ဖြစ်တည်နေခဲ့ကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။ အချို့သောကြယ်တာရာလေးများသည် အလွန်သေးငယ်သော မီးလုံးလေးများသဖွယ် ဖြစ်တည်လျက်ရှိသည်။ ၎င်းကြယ်တာရာများအနီးတွင် နှစ်သန်းပေါင်း ၅၀၀ ကျော်ကဖြစ်တည်နေခဲ့သော ကြယ်တာရာလေးများကိုလည်း တွေ့ရှိခဲ့ကြရာ သက်တမ်းရင့်ကြယ်တာရာလေးများ စုဖွဲ့ဖြစ်တည်နေမှုကို လေ့လာတွေ့ရှိခဲ့ရခြင်းဖြစ်သည်။

နေစကြဝဠာ၏ပြောင်းလဲမှုဖြစ်စဉ်များသည် လွန်ခဲ့သည့်နှစ်သန်းပေါင်းများစွာကဖြစ်ပေါ်ခဲ့ရာမှ ပေါ်ထွက်လာသော ကြယ်တာရာလေးများလည်းဖြစ်နိုင်ကြောင်း၊ အချို့ကြယ်တာရာလေးများအနီးတွင် နဂါးငွေ့တန်းသဖွယ်ဖြစ်ပေါ်လျက်ရှိကြောင်း အမေရိကန် အာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။

အချို့ကြယ်တာရာလေးများသည် ဓာတ်ငွေ့များဖြင့် ဖွဲ့စည်းဖြစ်တည်လျက်ရှိနေပြီး အချို့ကြယ်တာရာလေးများသည် ဟိုက်ဒရိုဂျင်နှင့် ဟီလီယံများပေါင်းစပ် ဖြစ်တည်နေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့ကပြောကြားသည်။ ***(အင်တာနက်)***

အနာဂတ်တွင် လေသွင်းအာကာသယာဉ်များ နာဆာစေလွှတ်ရန် တီထွင်စမ်းသပ်နေ

ဝါရှင်တန် မေ ၂၂

အနာဂတ်ကာလတွင် လက်ရှိအသုံးပြုနေသော အာကာသယာဉ်များအစား လေသွင်းအာကာသယာဉ်များဖြင့် ပျံသန်းလေ့လာမှုများ ပြုလုပ်ရန် နာဆာသုတေသနပညာရှင်များက တီထွင်လျက်ရှိကြောင်း မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

နည်းပညာအသစ်များဖြစ်သော ရော်ဘာနှင့် ပလတ်စတစ်နန်းမျှင်များဖြင့် ပြုလုပ်ထားသည့် အပေါ့စားလေသွင်းအာကာသယာဉ် ထုတ်လုပ်ထားမှုကို စမ်းသပ်မှုများပြုလုပ်မည်ဖြစ်သည်။အကျယ် ၁၀ ပေ၊ အရှည် ပေ ၃၀ ခန့်ရှိသော အဆိုပါ လေသွင်းအာကာသယာဉ်အတွင်း ကင်မရာ၊ အာရုံခံစနစ်၊ သတင်းဓာတ်ပုံ အချက်အလက်များထုတ်ပြန်သည့်စနစ်များ၊ လေယာဉ်ထိန်းချုပ်ရေးအခန်း၊ အာကာသရေးရာ၊ နည်းပညာအခန်းများ စသည်တို့ ထည့်သွင်းတပ်ဆင်ထားသည်။၎င်း လေသွင်းအာကာသယာဉ်ကို သုံးနှစ်ခန့် အချိန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စမ်းသပ်မှုများ ပြုလုပ်လျက်ရှိနေပြီဖြစ်သည်။ **(အင်တာနက်)**

သိပ္ပံနှင့်နည်းပညာ သိပ္ပံနှင့်နည်းပညာ သိပ္ပံနှင့်နည်းပညာ

အာကာကျော် – စုစည်းသည်

ကမ္ဘာ့မိုဘိုင်းလ်ဖုန်းရောင်းချမှု အနည်းငယ်လျော့ကျ

နယူးယောက် မေ ၂၂

တစ်ကမ္ဘာလုံး စမတ်ဖုန်းများ စံချိန်တင်လောက်အောင် ရောင်းအားကောင်းနေသော်လည်း တစ်ကမ္ဘာလုံးမိုဘိုင်းလ်ဖုန်းအရောင်းမှာ နှစ်ချင်းအလိုက်တွက်ကြည့်လျှင် နှစ်ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း မေ ၂၁ ရက်က ဂတ်တနာမိုဘိုင်းလ်ဖုန်းဈေးကွက်သုတေသနဌာနမှ စာရင်းဇယားများအရသိရသည်။ ***(အေပီပုံ)***

<u>ရောင်းအားကျဆင်း</u>

၂၀၁၂ ခုနှစ် ပထမသုံးလအတွင်း တစ်ကမ္ဘာလုံး မိုဘိုင်းလ်ဖုန်းရောင်းချမှုမှာ ၄၁၉ ဒသမ ၁ သန်းအထိသာရှိခဲ့သည်။ ယင်းအရောင်းကျဆင်းမှုသည် ၂၀၀၉ ခုနှစ် ဒုတိယသုံးလပတ်နောက်ပိုင်း ပထမဆုံးအကြိမ် မိုဘိုင်းလ်ဖုန်းများ ရောင်းအားကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့မိုဘိုင်းလ်ဖုန်းရောင်းအားကျဆင်းရခြင်းမှာ အာရှနှင့်ပစိဖိတ်ဒေသမှ ဝယ်လိုအားကျဆင်းသွားခဲ့ခြင်းကြောင့် မျှော်လင့်ထားသည်ထက် ကျဆင်းသွားခဲ့ရကြောင်း အဆိုပါသုတေသနဌာနက ဖော်ပြသည်။ အာရှဒေသသည် ကမ္ဘာ့မိုဘိုင်းလ်ဖုန်းဝယ်လိုအား အကောင်းဆုံးဒေသဖြစ်သည်။ အထူးသဖြင့် တရုတ်နှစ်သစ်ကူးကာလတွင် ရောင်းအားပိုကောင်းသည်ဟုဆိုသည်။

ကမ္ဘာ့မိုဘိုင်းလ်ဖုန်းထုတ်လုပ်သော ကုမ္ပဏီများက အသစ်ထွက်ရှိမှုနည်းပါးခြင်းကြောင့်လည်း ဝယ်လိုအားကျဆင်းသွားခဲ့ရသည်ဟုလည်းဆိုသည်။ စမတ်ဖုန်းဈေးကွက်တွင် အန်းသရွိုက်စမတ်ဖုန်း ရောင်းချမှုမှာ စမတ်ဖုန်းအားလုံး၏ ဈေးကွက်တစ်ဝက်ကျော်ရှိသည်။ ၂၀၁၂ ခုနှစ် ပထမသုံးလအတွင်း အန်းသရွိုက်စမတ်ဖုန်း ဈေးကွက်သည် စမတ်ဖုန်းဈေးကွက်အားလုံး၏ ၅၆ ရာခိုင်နှုန်းရှိသည်။

အက်ပဲလ်ကုမ္ပဏီမှ ထုတ်လုပ်သော စမတ်ဖုန်းဈေးကွက်မှာ ၂၀၁၁ ခုနှစ်တွင် ၁၆ ဒသမ ၉ ရာခိုင်နှုန်းရှိရာမှ ယခုနှစ်ပထမသုံးလ၌ ၂၂ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ဆမ်ဆောင်းကုမ္ပဏီမှ ထုတ်လုပ်သောစမတ်ဖုန်းဈေးကွက်သည် ဈေးကွက်၏ ၄၀ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိသည်။ ***(အင်တာနက်)***

ဆမ်ဆောင်း Galaxy S3 စမတ်ဖုန်း အလုံးကိုးသန်းကျော် ရောင်းချပေးရန်အမှာစာရ

ဆိုးလ် မေ ၂၂

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းနည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သော ဆမ်ဆောင်းမှ ထုတ်လုပ်လိုက်သည့် Galaxy S3 စမတ်ဖုန်းသည် ၂၀၁၂ ခုနှစ်၏ ရောင်းအားအကောင်းဆုံး မိုဘိုင်းလ်ဖုန်းဖြစ်လာသည်။ **(ယာပုံ)**

အန်းသရွိုက်ပါဝါသုံး အဆိုပါ စမတ်ဖုန်းကို ယခုမေလကုန်အထိ အလုံးပေါင်းကိုးသန်းကျော် ရောင်းချပေးရန် အမှာစာများ လက်ခံရရှိထားပြီးဖြစ်ကြောင်း ဆမ်ဆောင်းကုမ္ပဏီက ကြေညာသည်။ ဆမ်ဆောင်းကုမ္ပဏီက ပြီးခဲ့သည့်နှစ်တွင် ထုတ်လုပ်ခဲ့သည့် Galaxy S2 သည်လည်းကမ္ဘာ့အရောင်းရဆုံးစမတ်ဖုန်းဖြစ်ခဲ့သည်။လွန်ခဲ့သည့် ခြောက်လအတွင်း S2 စမတ်ဖုန်းရောင်းချမှုမှာ စုစုပေါင်းအလုံးရေ ၁၀ သန်းအထိရှိခဲ့သည်။

ဆမ်ဆောင်းသည် ကမ္ဘာ့အကြီးဆုံးစမတ်ဖုန်းဈေးကွက်ကို ပိုင်ဆိုင်ထားသည့် အက်ပဲလ်ကို ယခုနှစ်အစောပိုင်းကတည်းက ကျော်တက်နိုင်ခဲ့ပြီဟု ဆိုသည်။ Galaxy S3စမတ်ဖုန်းသည် ဆမ်ဆောင်းကုမ္ပဏီက နောက်ဆုံးထုတ်လုပ်လိုက်သည့် စမတ်ဖုန်းအမျိုးအစားသစ်ဖြစ်သည်။

ဆမ်ဆောင်းကုမ္ပဏီက အဆိုပါ Galaxy S3 စမတ်ဖုန်းအမျိုးအစားသစ်ကို အပြာရောင်နှင့် အဖြူရောင်နှစ်မျိုးနှစ်စားသာ ထုတ်လုပ်ထားသည်။ စက္ကရင်အကျယ် ၄ ဒသမ ၈ လက်မရှိသည်။ အရုပ်ကြည်လင်ပြတ်သားမှုမှာ အက်ပဲလ်မှထုတ်လုပ်သော အိုင်ဖုန်းထက်ပိုကောင်းသည်။ Resolution ပိုကောင်းသည်။ အဆိုပါ Galaxy S3 စမတ်ဖုန်းတွင် ဂူဂဲ၏ ပြိုင်ဘက်ဆော့ဝဲလ်တစ်ခုဖြစ်သည့် အန်းသရွိုက်ဆော့ဝဲလ်ကို အသုံးပြုထားသည်။ အာရှ၏ နည်းပညာကုမ္ပဏီကြီးဖြစ်သည့် ဆမ်ဆောင်းသည် ကမ္ဘာ့ထိပ်သီးအက်ပဲလ်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်သည်။ ကမ္ဘာတွင် လူကြိုက်အများဆုံး စမတ်ဖုန်းများကို ဆမ်ဆောင်းမှထုတ်လုပ်လာနိုင်ပြီဖြစ်သည်။ ဆမ်ဆောင်းသည် ကမ္ဘာ့မိုဘိုင်းလ်ဖုန်း အရောင်းရဆုံးကုမ္ပဏီကြီးလည်း ဖြစ်လာသည်။

(အင်တာနက်)

နောက်ဆုံးပေါ် အင်တာနက်တီဗွီ အယ်လ်ဂျီမှထုတ်လုပ်ပြသ

နယူးယောက် မေ ၂၂

ကမ္ဘာ့ထိပ်တန်း အီလက်ထရွန်နစ်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် အယ်လ်ဂျီက နယူးယောက် အင်တာနက်သီတင်းတစ်ပတ်ပြပွဲတွင် ၎င်း၏ဒုတိယမျိုးဆက်ဂူဂဲလ်တီဗွီကို ပြသခဲ့သည်။ *(ဝဲပုံ)*

အဆိုပါတီဗွီကို LG G2 Series တီဗွီဟု အမည်ပေးထားသည်။ အင်တာနက်ရော ရုပ်မြင်သံကြားပါ အသုံးပြုကြည့်ရှုနိုင်သည့် အင်တာနက်တီဗွီဖြစ်သည်။ အယ်လ်ဂျီက ယင်းကဲ့သို့သောတီဗွီကို ဒုတိယမျိုးဆက်သစ်အဖြစ် ထုတ်လုပ်လိုက်ခြင်းဖြစ်သည်။

အဆိုပါတီဗွီကို အမေရိကန်ဈေးကွက်တွင် စတင်ရောင်းချနေပြီဖြစ်သည်။ မကြာမီ အာရှဈေးကွက်များသို့ ဖြန့်ချိနိုင်မည်ဟု ဆိုသည်။ ရုပ်မြင်သံကြားရော အင်တာနက်ပါအသုံးပြုလိုသူများအတွက် တီထွင်ထုတ်လုပ်လိုက်ခြင်းဖြစ်ကြောင်း အယ်လ်ဂျီအီလက်ထရွန်နစ်ကုမ္ပဏီဥက္ကဋ္ဌ ဟာဗစ်ကွမ်းက ပြောကြားသည်။

ယင်းကဲ့သို့သောတီဗွီကို တရုတ်အီလက်ထရွန်နစ်ကုမ္ပဏီ လီနိုဗိုကလည်း K91 Smart TV အဖြစ် ထုတ်လုပ်ထားသည်။ ဆမ်ဆောင်းကုမ္ပဏီကလည်း ၅၅ လက်မ OLED Smart TV အဖြစ် ထုတ်လုပ်ထားသည်။

အယ်လ်ဂျီကထုတ်လုပ်လိုက်သော LG G2 Series TV များသည် လက်မအကျယ် ၄၇ လက်မရှိပြီး တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၁၆၉၉ ဒသမ ၉၉ နှင့် ၂၂၉၉ ဒသမ ၉၉ ဒေါ်လာတို့ဖြင့် အသီးသီးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ *(အင်တာနက်)*

(၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ
ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်အဖွင့်အမှာစကားပြောကြား

အမှာစကားပြောကြား

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၂

(၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တို့မှ အရာရှိကြီးများ၊ ASEANAPOL အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရဲချုပ်များ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့များ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံနိုင်ငံ အလံများကို လွှင့်ထူ၍ ရဲတီးဝိုင်းအဖွဲ့ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းကို တီးမှုတ်ကာ ကျဆုံးလေပြီးသော တပ်ဖွဲ့ဝင်များအား အလေးပြုကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပထမနေ့ စုံညီအစည်းအဝေးကို စတင်ကျင်းပကာ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်ရုံး ကိုယ်စားလှယ်နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးရုံး ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် (၃၁)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ရဲချုပ်များညီလာခံ ဥက္ကဋ္ဌ လာအိုနိုင်ငံရဲချုပ် ရဲမှူးချုပ် ဆီစာဘတ်ကျော့မလာဘွန်က တိုးတက်ရေးအစီရင်ခံစာကို တင်သွင်းပြီး အစည်းအဝေးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းအား (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။

ဆက်လက်၍ (၃၁)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ဥက္ကဋ္ဌ လာအိုနိုင်ငံရဲချုပ် ရဲမှူးချုပ် ဆီစာဘတ်ကျော့မလာဘွန်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းထံ (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံဥက္ကဋ္ဌ တာဝန်ဝတ္တရားများကို လွှဲပြောင်းပေးအပ်သည်။

(၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ဒုတိယဥက္ကဋ္ဌအဖြစ် ထိုင်းနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားလှယ် ရဲဗိုလ်ချုပ်ကြီး ပိုစာပတ်ပိုချရွန်အားလည်းကောင်း၊ ညီလာခံအတွင်းရေးမှူးအဖြစ် ဒုတိယရဲမှူးကြီး ကျော်ဝင်းသိန်းအားလည်းကောင်း ရွေးချယ်ခဲ့ပြီး (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ဥက္ကဋ္ဌက အမှာစကားပြောကြားကာ ညီလာခံအစီအစဉ်များကို အတည်ပြုကြသည်။

ယင်းနောက် အဖွဲ့ခေါင်းဆောင်များဆွေးနွေးပွဲ၊ အဖွဲ့ခေါင်းဆောင်များနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ ဆွေးနွေးပွဲ၊ အမှုဆောင်ကော်မတီအစည်းအဝေးပွဲ၊ ကော်မရှင်အဖွဲ့(အေ)ဆွေးနွေးပွဲ၊ ကော်မရှင်အဖွဲ့(ဘီ)ဆွေးနွေးပွဲ၊ ကော်မရှင်အဖွဲ့(စီ)ဆွေးနွေးပွဲများကို အဆိုပါဟိုတယ်ရှိ သတ်မှတ်နေရာအသီးသီး၌ အစီအစဉ်များအတိုင်း ဆက်လက်ဆွေးနွေးကြသည်။

စာမျက်နှာ ၂ ကော်လံ ၅ ●

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ



စာ-၄
ဆေးလိပ်ငွေ့ရှူရှိုက်မိသည့် ကလေးငယ်များ ဆီးအိမ်ရောဂါဖြစ်ပွားမှု ပိုမိုမြင့်မား

သမ္မတ ဖြစ်ချင်တယ်လို့ ပြောတဲ့ အဆိုတော် မက်ဒေါနား
စာ-၇



စာ ၁၅
ဥရောပချန်ပီယံရှစ်ရေကူးပြိုင်ပွဲ မီတာ ၄၀၀ ၌ ဂျာမနီရေကူးသမားဗိုလ်စွဲ

မြန်မာမှ ကမ္ဘာအနှံ့ပျံ့လွင့်တော့မည့် ဆီးဂိမ်းအကြိုလုံ့ဆော်တေးများ ထုတ်လွှင့်တော့မည် စာ-၁၀

ပြုပြင်ပြောင်းလဲမှုများမှာ မဖြစ်မနေ အကောင်အထည်ဖော်ရမည့် စီမံကိန်းများဖြစ်ရန်လိုအပ်
မြေယာဥပဒေများအား ရေးဆွဲပြဋ္ဌာန်းလိုက်ခြင်းမှာ လယ်ယာကဏ္ဍ၏ ပြောင်းလဲခြင်းတစ်ရပ်ဖြစ်

နေပြည်တော် မေ ၂၂

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းအကောင်အထည်ဖော်ရေးဆိုင်ရာ လယ်ယာကဏ္ဍနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပရာ (အောက်ပုံ) ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အစိုးရသစ် တစ်နှစ်တာကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပထမအဆင့် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာကို အတိုင်းအတာတစ်ခုထိ ဆောင်ရွက်ပြီးဖြစ်ကြောင်း။

ယခုအခါ ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာကို တစ်ဆင့်တက်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့ကြောင်း။

ညှိနှိုင်းဆွေးနွေး

ယနေ့ကျင်းပသည့် အစည်းအဝေးမှာ အဆိုပါ ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် လယ်ယာကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာများနှင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ စီမံကိန်းများကို ရေးဆွဲနိုင်ရန်အတွက် ပြည်ထောင်စုအဆင့်နှင့် ဒေသန္တရအဆင့်တို့ကြား အသေးစိတ် ညှိနှိုင်းဆွေးနွေးနိုင်ရန် ခေါ်ယူခြင်းဖြစ်ကြောင်း။

မိမိတို့ရေးဆွဲမည့် Strategy Reform မဟာဗျူဟာအရ ပြုပြင်ပြောင်းလဲမှုစီမံချက်သည် မူလရေးဆွဲထားသည့် နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းအရ ၂၀၁၄-၂၀၁၅ ခုနှစ် နှစ်ကုန် အမျိုးသား အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) လျာထားရည်မှန်းချက်ကို သုံးဆတိုးတက်အောင် အကောင်အထည်ဖော်ရန်ဖြစ်ပြီး တစ်ဦးချင်း ဝင်ငွေကိုလည်း အမေရိကန်ဒေါ်လာ ၁၀၀၀ မှ ၁၅၀၀ အစား တစ်ဦးချင်း ဝင်ငွေကို သုံးဆအထိ တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြုပြင်ပြောင်းလဲမည့်စီမံချက်ကို ပြုစုရေးဆွဲကြရမည် ဖြစ်ကြောင်း။

အဓိပ္ပာယ်မှာ လယ်ယာကဏ္ဍ အပါအဝင် ကုန်ထုတ်လုပ်မှုစွမ်းအားကို မူလ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ကုန် စီမံကိန်းလျာထားချက်အပေါ် သုံးဆတိုးတက်အောင် အဘက်ဘက်မှ ဘက်စုံထောင့်စုံ လက်တွေ့ကြိုးပမ်း အကောင်အထည်ဖော်ကြရမည့် စီမံကိန်း ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပြုပြင်ပြောင်းလဲမှုစီမံကိန်းများရေးဆွဲရာတွင် စာရင်းအင်းကိန်းဂဏန်းများ၊ သတင်းအချက်အလက်များ မှန်ကန်ပြည့်စုံမှုရှိမှသာ စီမံကိန်းရေးဆွဲရာ၌ အမှန်တကယ်ထိရောက်အကျိုးရှိမည့် စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်နိုင်မည် ဖြစ်ကြောင်း။

ရေးဆွဲထားသည့် စီမံကိန်းများမှာ ပကတိအခြေအနေမှန်နှင့် ကင်းကွာနေပါက စာရွက်ပေါ်တွင် ရေးဆွဲထားသည့် Paper Plan သာလျှင်ဖြစ်မည်ဖြစ်ကြောင်း၊ ယင်းသို့ Paper Plan မဖြစ်စေရေးအတွက် Bottom-up Initiative စနစ်ဖြင့် အောက်ခြေမှ အစပြု၍ အသေအချာ လေ့လာဆန်းစစ်မှုများကို အခြေခံလျက် လက်တွေ့ဖြစ်မြောက်နိုင်မည့် စီမံကိန်းများ ရေးဆွဲရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ✱